


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# လောကသုံးပါး
# ဘယ်လောကမှထွက်ရမှာတုံး

(၁၆၀)

ဟောကြားသည့်နေ့
၁၆ - ၂ - ၆၂

THITSARPARAMI LIBRARY
Date ..........
0286

# မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏

## အမှာစာ

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးသည်၊ မန္တလေးမြို့သို့ ကြွလာတော်မူလျှင်၊ ကျောင်းဒကာ ဦးချစ်ဆွေ၊ ကျောင်းအမ ဒေါ်မမတို့၏ နေအိမ်ဂေဟာကို ကျောင်းအမှတ်ပြု၍ သီတင်းသုံးတော်မူပါသည်။ တရားနာပရိသတ် အလွန်များသဖြင့် ကျောင်းပေါ်တွင် အပြည့်၊ ဓမ္မာရုံတွင် အပြည့်၊ အိမ်နီးနားချင်း နေအိမ်ခြံဝင်းများတွင် အသံချဲ့စက်များ တပ်ပေးထားသဖြင့် ပရိသတ်အပြည့်ရှိရာ၊ ကားအသွားအလာများကို ယာဉ်ထိန်းရဲများက ရှင်းပေးခဲ့ရပါသည်။ အခါကြီးနေ့ရက်ကြီးများ၌ တရားနာပရိသတ် (၆၀၀၀) ကျော် (၇၀၀၀) ပင်ရှိကြောင်း သိရပါသည်။

ဤတရားတော်များသည် ဤသို့သော ပရိသတ်များအား ဟောကြားခဲ့သောတရားတော်များ မဟုတ်ပါ။ ဦးချစ်ဆွေ၊ ဒေါ်မမတို့နှစ်ဦးအား နံနက် (၇)နာရီတွင် သီးခြားဆုံးမလေ့ရှိသော နာရီဝက် တရားတော်များဖြစ်ပါသည်။

တပည့်ရင်းများဖြစ်၍ မောင်ချစ်ဆွေ၊ အစ်မ-ဟု အမည်များခေါ်ပြီး ရင်းရင်းနှီးနှီး မညှာမတာ ဆုံးမပါသည်။ ပရိသတ်ထဲတွင် ဟော၍မသင့်တော်သော်လည်း၊ တပည့်ရင်းများအား

အမြန်ခရီးပေါက်စေလို၍ စိတ်ရှိတိုင်း ဆုံးမထားသည်ကိုတွေ့ရပါသည်။

ဤစာအုပ်သည် မန္တလေးမြို့ ရွှေလှံ့ရပ်နေ ဦးချစ်ဆွေ၊ ဒေါ်မမတို့အား (၁၆. ၂. ၆၂) ရက်နှင့် (၁၈. ၂. ၆၂) ရက်နေ့ နံနက်၌ ဟောကြားဆုံးမတော်မူသောတရားတော်နှစ်ပုဒ်ကို ပေါင်းထားခြင်းဖြစ်ပါသည်။

သူတော်ကောင်းရတနာ (၇)ပါး ပြည့်စုံကြပါစေ။

၁၈. ၈. ၂၀၀၁ အမှုဆောင်အဖွဲ့။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# လောကသုံးပါး

# ဘယ်လောကမှထွက်ရမှာတုံး

ဟောကြားသည့်နေ့

(၁၆-၂-၁၉၆၂)

စာမူခွင့်ပြုချက် အမှတ် - ၈/၂၀၀၂ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၇/၂၀၀၂ (၁)

အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၂၀၀၀
ခုနှစ် - ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး - (၅၀ိ/-)

ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

# လောကသုံးပါး

# ဘယ်လောကမှ ထွက်ရမှာတုံး (၁)

ဟောကြားသည့်နေ့ (၁၆-၂-၆၂)

လောက၊ လောကဆိုတာသည်တဲ့ ဘာကိုလောကလို့ ခေါ်သတုံး ဆိုတော့ လောကဖြစ်ကြောင်း အကြောင်းတရားက လုပ်လိုက်လို့ လောကဖြစ်လာတယ်။

လောကဆိုတာ လောကဖြစ်ကြောင်းရှိတယ်၊ ဒါကြောင့် လောကဖြစ်လာတယ် (တင်ပါဘုရား)။

## လောကဖြစ်ကြောင်း

လောကဖြစ်ကြောင်း ဘာပါလိမ့်မလဲလို့ မေးတော့ကို ဒွါရခြောက်ပေါက်ကို ဒါ လောကဖြစ်ကြောင်းလို့ မှတ်ထားရမယ်။ ဒွါရခြောက်ပေါက်သည် လောကဖြစ်ကြောင်း၊ ဒါကြောင့် သံယုတ်ပါဠိတော်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လောက သမုဒယကတစ်မျိုးရှိတယ်။ လောကဖြစ်ကြောင်း၊ လောက နိရောဓေ လောကချုပ်ကြောင်းလည်းရှိတယ်။

လောကဖြစ်ကြောင်းလည်းရှိတယ်၊ လောကချုပ်ကြောင်းလည်းရှိတယ်။

လောကဖြစ်ကြောင်းဆိုတာလည်း တခြားမမှတ်ပါနဲ့၊ ဒွါရခြောက်ပေါက်ပဲ၊ လောကချုပ်ကြောင်းဆိုတာလည်း ဒွါရခြောက်ပေါက်ကနေ ချုပ်ရမှာပဲ။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လောကဖြစ်ကြောင်းဆိုတာ တခြားမှတ်မနေပါနဲ့၊ **စက္ခုံ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ**၊ ဒါ လောကစဖြစ်တာပဲ (တင်ပါဘုရား)။

**တိဏ္ဏံ သင်္ဂတိ ဖဿော** ဒါလည်း လောကပေါ်လာတာပဲ။ ဖဿပစ္စယာဝေဒနာ ပေါ်လာတော့ လောကပဲ။ ဝေဒနာပစ္စယာတဏှာ၊ ဒါလည်း လောကပဲ။ တဏှာပစ္စယာဥပါဒါန် ဒါလည်း လောကပဲ။ ဥပါဒါန ပစ္စယာ ကမ္မဘဝေါ၊ ဒါလည်း လောကပဲ။ ကမ္မဘဝ ပစ္စယာဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ။ ဒါတွေဟာ တတန်းလုံးလောကလို့မှတ်လိုက်စမ်းပါ။

## ဘာလို့လောကလို့ ဆိုရတုံး

ဘာလို့ လောကလို့ဆိုရတုံးလို့မေးတဲ့အခါကျလို့ရှိရင်ဖြင့် တဲ့၊ အခု မျက်လုံးပေါက်က လောကဖြစ်ကြောင်းကို၊ ပဋိစ္စ သမုပ္ပါဒ် ပြလိုက်တယ်။ မျက်လုံးပေါက်က စပေါ်တာက စပြီး လောကမှတ်၊ အဆုံးကျအောင်လည်း လောကချည်းမှတ်။

မြင်စိတ်ပေါ်လာရင် ဪ. . . ဒါလောကပေါ်လာတာ ပဲ။ တွေ့တဲ့ဖဿတွေ ပေါ်လာတာလည်း လောကတွေ ပေါ် လာတာပဲ။ ဖြစ်မှု ပျက်မှုပေါ်လာတာပဲ။ ဝေဒနာလေးပေါ်လာ လည်း ဖဿပစ္စယာ ဝေဒနာဆိုတော့၊ ဪ. . . ဘာမှပေါ်တာ မဟုတ်ဘူး။ လောကပေါ်တာလို့ မှတ်လိုက်စမ်းပါ။ လောကဖြစ် လာတယ်လို့ မှတ်ပါ။

ဝေဒနာပစ္စယာ တဏှာဆိုတော့လည်း လောကဖြစ် ကြောင်းပဲ၊ လောကကို သူတည်ထောင်မှာပဲ။ တဏှာ ပစ္စယာ ဥပါဒါန်လောကဖြစ်ကြောင်း လောကတွေပေါ်လာတာပဲ။ လောကဖြစ်ကြောင်းတွေပဲ။

**ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိ၊ ဇရာမရဏ၊** ဒါတွေဟာ လောကတရားတွေပေါ်လာတာပဲ။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဒါတွေ လောကတွေ မှတ် လိုက်။

**ဧဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော**

ဟောတိ ဆိုသောကြောင့် မြင်စိတ်ပေါ်သည်က စပြီးသကာလ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ အဆုံးဟာ လောကချည်းပဲ လို့ မှတ်ပါ။ လောကတရားတွေပဲ၊ လောကဖြစ်ကြောင်းလို့ မှတ်ပါ။

## လောကချုပ်ကြောင်း

လောကဖြစ်ကြောင်းရှိလို့ရှိရင် လောကချုပ်ကြောင်းရှိ ရမယ်။ လောကချုပ်ကြောင်း ဘာပါလိမ့်မတုံးမေးတဲ့အခါ၊ **စက္ခုံ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိစက္ခုဝိညာဏံ** ဖြစ်ပေသည်။ ဒါ လောကပေါ် ပစေဦး ကိစ္စမရှိဘူး။

ဘာကြောင့်တုံး အဗျာယတ ဖြစ်နေလို့ ကောင်းကျိုးဆိုး ကျိုးမပေးပါဘူး။ မြင်ယုံမတ္တပါ၊ တိဏ္ဏံ သင်္ဂတိဖဿော ဖဿ ပေါ်လာတာ၊ သူ့ဟာသူ ပေါ်နေလို့ ပထမလောကတော့ လောကတရားပဲ။ လောကတရားပေမယ့် ကောင်းကျိုးဆိုးကျိုး မပေးသေးပါဘူး။

ဝေဒနာပေါ်လာတယ်၊ ဖဿကြောင့် ဝေဒနာပေါ်လာ တယ်။ ဒါ လောကပေါ်တာပဲ၊ ပေါ်ပေစေ ကိစ္စမရှိပါဘူး။ ဝေဒနာဟာ သတ္တဝါရှိရင် ဝေဒနာရှိတာပဲ။

## တဏှာချုပ်ရင် လောကချုပ်ပြီ

ဒါဖြင့် ဝေဒနာနောက်ကနေပြီး တဏှာမလိုက်လို့ရှိရင်ဖြင့် လောကနိရောဓဟာ ဒီက စတာပဲ (တင်ပါဘုရား)၊ တဏှာချုပ်လို့ရှိရင် လောကချုပ်ပြီသာ အောက်မေ့ပေတော့။

အဲတော့ တဏှာနိရောဓာ ဥပါဒါန နိရောဓော၊ တဏှာချုပ်လို့ရှိရင် စွဲလမ်းတဲ့ ဥပါဒါန်ချုပ်ပါတယ်။ ဥပါဒါန နိရောဓာ ကမ္မဘဝနိရောဓော ဆိုသဖြင့် တဏှာချုပ်၊ ဥပါဒါန်ချုပ်လို့ရှိရင် ကံတွေဟာ ဒကာ ဒကာမတွေမှာ နောက်ကပါလာတဲ့ကံတွေလည်း ချုပ်တယ်။ ယခုဘဝမှာ ပြုလုပ်ထားတဲ့ကံတွေလည်း ချုပ်တယ်။

အနာဂတ်အကြောင်းက ညီညွတ်လို့ ပေါ်လတ္တံ့ဖြစ်တဲ့ ကံတွေလည်း၊ တဏှာ ဥပါဒါန်ချုပ်ရင် ကံချုပ်တယ်လို့ မှတ်ထားရမယ်။ ဒါကြောင့် ကံကို ကြောက်စရာမရှိ လောကချုပ်ကြောင်းဖြစ်တဲ့ တဏှာ ဥပါဒါန်ကိုသာလျှင် ဒကာ ဒကာမတွေ ချုပ်အောင်လုပ်လို့ရှိရင်ဖြင့် ကံမကောင်းလည်း မရှိဘူး၊ ကံကောင်းလည်း မရှိတော့ဘူး။

ကံမကောင်းက အပါယ်ပို့မည့်ကံလည်း မရှိတော့ဘူး။ ကံကောင်းက သုဂတိပို့မယ့် ဒုက္ခသစ္စာရမည့်ကံလည်း ချုပ်သွားတာပဲ။ ဒါကြောင့် ကံကို ကြောက်စရာမရှိ။ တဏှာ၊ ဥပါဒါန်ချုပ်လို့ရှိရင်ဖြင့် ကံတွေဟာ ကောင်းကျိုး၊ ဆိုးကျိုး နှစ်ခုစလုံးကို မပေးနိုင်ပါဘူး။

ဒကာ ဒကာမတွေက ဖြစ်နေလိုက်တာ ကံကိုပဲ မျှော် နေကြတယ်။ ကံကိုပဲ မျှော်နေကြတယ်။ ဘယ်တော့မျှား ကံကောင်းပါ့မတုံး၊ ခုဖြင့်ကံဆိုးနေတယ်။ ဒီလိုပဲ မျှော်နေကြ တယ်။

မျှော်နေကြတော့ ကံမချုပ်သ၍ ကာလပတ်လုံး နိဗ္ဗာန် မရောက်ပါဘူးလို့ မှတ်ရမယ် (တင်ပါဘုရား)၊ ကံ မချုပ်သ၍ ကာလပတ်လုံး (နိဗ္ဗာန်မရောက်ပါဘုရား)၊ နိဗ္ဗာန် မရောက်ဘူး ဆိုတာ သေချာမှတ်ပါ။

## ကံချုပ်အောင် ဘယ်လိုလုပ်ရမှာတုံး

ဒီကံကို ဘယ်လိုချုပ်အောင် လုပ်ရမှာတုံးဆိုလို့ရှိရင်၊ ကံ ၏ လက်သည်ဖြစ်တဲ့အကြောင်း မူလဖြစ်တဲ့ တဏှာ ဥပါဒါန် ချုပ်အောင်လုပ်၊ တဏှာဥပါဒါန်ချုပ်လို့ရှိရင် ကံချုပ်တယ်။

ကံချုပ်လို့ရှိရင် **လောကနိရောဓေဟောတိ** လောကပြင် ဘက်ရောက်သွားတာပဲ၊ တဏှာ ဥပါဒါန်ချုပ်ရင် ကံချုပ်တယ်။ ကံချုပ်လို့ရှိရင် **ဒုက္ခက္ခန္ဓဿ နိရောဓောဟောတိ**၊ တဏှာနိရော ဓော၊ ဥပါဒါန နိရောဓော၊ ကမ္မ နိရောဓော၊ ဇာတိ ဇရာ မရဏ နိရောဓေ အကုန်ချုပ်သွားတာပဲ။ တဏှာ ဥပါဒါန် ချုပ်လို့ရှိရင် (အကုန်ချုပ်ပါတယ်ဘုရား)၊ ကံရော ဇာတိ ဇရာ မရဏတွေရော အကုန်ချုပ်သောကြောင့် ဒါ နိဗ္ဗာန်ပဲ။

ဆိုတော့ ဒကာ ဒကာမတွေ ကံဖြစ်နေတာက ကံကောင်းကို ကြိုက်တယ်၊ ကံဆိုးကိုတော့မကြိုက်ဘူး။ ကံဟာ ဘယ်သူပြုပြင်ထားတယ်ဆိုတာမသိတော့၊ ကံကောင်းကိုလည်း သူကြိုက်တယ်။ ကံဆိုးကို သူမကြိုက်ဘူး။ နှစ်ခုစလုံး မကြိုက်ရဘူးလို့ ဆရာဘုန်းကြီးက ဆုံးမတယ် (တင်ပါဘုရား)။

## ကံနှစ်ခုစလုံး မကြိုက်ပါနှင့်

နှစ်ခုစလုံး မကြိုက်ရဘူးလို့ ဆရာဘုန်းကြီးက ဆုံးမပါတယ်။ ဘာကြောင့်တုံး၊ ဘယ်ကံဖြစ်ဖြစ် ကမ္မဘဝ ပစ္စယာဇာတိ ချည့်လာတာပဲ။ ကုသိုလ်ကံကလည်း ဇာတိပဲ လာတာပဲ။ အကုသိုလ်ကံကလည်း ဇာတိပဲလာတာပဲ။ ဒီကံနှစ်ခုသည်ကားလို့ဆိုရင် အပါယ်ဇာတိနဲ့ သုဂတိဇာတိမှာပဲ ထူးခြားတယ်။ ထိုကဲ့သို့ ထူးခြားငြားသော်လည်း ဇာတိဟာ ဒုက္ခသစ္စာချည်း နှစ်ခုစလုံး ဖြစ်နေတော့၊ ကံကောင်းကိုလည်း အလိုမရှိပါနဲ့၊ ကံဆိုးကိုလည်း အလိုမရှိပါနဲ့၊ ကံချုပ်မှုသာ အလိုရှိပါ တိုက်တွန်းလိုက်တယ်။

ကံကောင်းအလိုရှိရင် ဇာတိ၊ သုဂတိ ဇာတိရမယ်။ ဒုက္ခသစ္စာပဲ၊ ကံမကောင်းတာကို လုပ်ပြီးသကာလ အလိုမရှိဘဲနဲ့ လုပ်နေကြလို့ရှိရင်လည်းတဲ့ အပါယ်ဇာတိရမှာပဲ၊ ဇာတိဟူသ၍က အမေ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)၊ ဒါဖြင့် ကံကောင်းကလည်း ဒုက္ခသစ္စာပေးတာပဲ၊ ကျင်ကြီးပါပဲ။

နတ်ကျင်ကြီးနဲ့ လူကျင်ကြီး ဘယ်ဟာ ကြိုက်သတုံးမေးရင် (ဘယ်ဟာမှ မကြိုက်ပါဘူးဘုရား)၊ အဲဒါ ဒီအတိုင်းမှတ်ပြီး သကာလ ဩော်. . . သုဂတိ ဇာတိ ကျင်ကြီးလား၊ ဒုဂ္ဂတိလည်း ဇာတိကျင်ကြီးလာသောကြောင့် ဘယ်ကျင်ကြီးမှ မွေးလာမှာလည်း မဟုတ်ပါဘူး။

စွန့်ပစ်စရာနဲ့ မလိုချင်စရာသာဖြစ်ရမယ်ဆိုတာ ကိစ္စဉာဏ်နဲ့ ကြည့်လိုက်၊ အဲတော့ လောကကြီးက ချုပ်သွားတယ်။ တဏှာ ဥပါဒါန်ချုပ်ရင် လောကချုပ်တယ်။

တဏှာ ဥပါဒါန်ချစ်နေလို့ရှိရင် လောကဖြစ်တယ်။ ဒါဖြင့် လောကချုပ်ကြောင်းကိုလည်း ယနေ့ဟောတယ်၊ **လောက** ဖြစ်ကြောင်းကိုလည်း ယနေ့ဟောတယ်။

## လောကချုပ်ကြောင်းလုပ်ရင် နိဗ္ဗာန်

လောကချုပ်ကြောင်းကို အလုပ်လုပ်ကြရင် နိဗ္ဗာန်ရတာပဲ။ လောကုတ္တရာဘက်ကူးသွားတာပဲ။ လောကဖြစ်ကြောင်းကို လုပ်နေကြမယ်ဆိုလို့ရှိရင်ဖြင့် လူ့ဇွန ပလူ့ဇွန မနေ့ကဟောခဲ့တဲ့ အတိုင်း ဖြစ်မှုပျက်မှုတွေပဲ ပြန်ရနေမှာပဲ။

ဖြစ်မှုပျက်မှုဆိုတာ ဒုက္ခသစ္စာ၊ ဒါပဲ ပြန်ရနေမယ်ဆိုလို့ ရှိရင်ဖြင့် ယနေ့ဟောတဲ့တရားမှာ ကံကောင်းကိုလည်း အလိုမရှိပါနဲ့၊ ကံမကောင်းတာကိုလည်း အလိုမရှိပါနဲ့။ ဘာကြောင့်တုံး

ကျင်ကြီးကျေးဇူးပြုသောကြောင့်၊ ဇာတိဆိုတဲ့ ကျင်ကြီးကို ကျေးဇူးပြုသောကြောင့်၊ ကံကောင်းအလိုရှိတဲ့ ပုဂ္ဂိုလ်လည်း အလွဲပဲလို့၊ ဘဝသခင်ျကြ မှတ်ထားတဲ့ ကံကောင်းကြိုက်တာ တွေလည်း အလွဲပဲ။

ကံမကောင်းတော့ ဘဝသခင်ျကစပြီး မကြိုက်တာ၊ အဲဒီ့ မကြိုက်တာလည်း အားထုတ်နေပြန်လို့ရှိရင် ကြိုက်သလိုပဲ ကျတယ်။ ကျုပ်တို့က ခင်တတ်တယ်၊ မင်တတ်တယ်၊ သွားတောင်မမေ့တတ်ဘူး၊ စွဲလန်းတဲ့ ဥပါဒါန်တွေနဲ့ ဒါတွေလည်း သမုဒယတွေပဲ။

တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ လာမှာပဲ၊ အဲဒါကြောင့် လောကဖြစ်ကြောင်းလည်း မျက်လုံးကစတာပဲ၊ လောကချုပ်ကြောင်းကိုလည်း မျက်လုံးကစတာပဲ။ သို့သော် လောကမျက်လုံးတင်ဖြစ်နေလို့ ကိစ္စမရှိသေးတော့ တဏှာ ဥပါဒါန်ချုပ်လို့ရှိရင် လောကချုပ်တယ်။

မျက်လုံးကစပြီး၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သွားလို့ရှိရင် လောကဖြစ်တယ်၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

## ဝိပဿနာလုပ်ရင် လောကချုပ်ကြောင်း

ဒါဖြင့် ယနေ့လောကဖြစ်ကြောင်း၊ လောကချုပ်ကြောင်းနှစ်ခုကို ရှင်းရှင်းလင်းလင်းမှတ်ရမယ်။ ဒါကြောင့် ဝိပဿနာလုပ်

တဲ့ ပုဂ္ဂိုလ်များ၊ လောကချုပ်ကြောင်းလုပ်နေတာ၊ ရောင်းဝယ်ဖောက်ကား သားနဲ့သမီးနဲ့ ပျော်ပျော်ပါးပါး ဆိုးတစ်လှည့်ကောင်း တစ်လှည့်နေတာမျိုးဟာဖြင့်၊ လောကဖြစ်ကြောင်းလုပ်နေတာ လို့ မှတ်လိုက်စမ်းပါ။

လောကဖြစ်ကြောင်းသည် မိမိပဲလုပ်တယ်၊ အဲတော့ဆန်လမ်းနဲ့ စုန်လမ်း ဖြစ်နေတယ်။ ဆန်လမ်းက အားထုတ်ယူရတယ်။ စုန်လမ်းက အားမထုတ်ဘဲနဲ့ မျောသွားတယ်။

## ဆုတောင်းနေရင် လောကဖြစ်ကြောင်း

ဒါကြောင့် လောကချုပ်ကြောင်းဆိုတာသည် ဝိပဿနာအလုပ်လုပ်မှ လောကချုပ်ကြောင်းဖြစ်ပါတယ်။ ဝိပဿနာအလုပ် မလုပ်ဘဲနဲ့ ဒါန သီလလုပ်ပြီး ဆုတောင်းနေရင် လောကဖြစ်ကြောင်းချည်းမှတ်။

ဒါက လောကနှစ်ခု ယနေ့သည်ဖြစ်ကြောင်းလည်း သိသွားပြီ။ ချုပ်ကြောင်းလည်း သိသွားပြီ။ ချုပ်တာသည် ဘာပါလိမ့်မတုံးဆိုတော့ တဏှာ ဥပါဒါန်ချုပ်သောကြောင့် ကံ၊ ဇာတိ၊ ဇရာမရဏ မလာတာ လောကချုပ်တာပဲ။

တဏှာ ဥပါဒါန် လာနေမယ်ဆိုလို့ရှိရင် မျက်လုံးပေါက်ကစပြီး တဏှာ ဥပါဒါန် လာနေမယ်ဆို လောကဖြစ်သွားတာပဲ။

ပစ္စုပ္ပန်လောကက အနာဂတ်လောကသွားဖြစ်တယ်။ ပစ္စုပ္ပန်လောကချုပ်လို့ ယခုဘဝ တဏှာဥပါဒါန်ချုပ်ရင် အနာ

ရတ်လောက မလာတော့ပါဘူး၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ပစ္စုပ္ပန်လောကကို အားထုတ်နေကြမယ်၊ တဏှာ၊ ဉပါဒါန်ကံကို အားထုတ်နေကြမယ်ဆို အနာဂတ်လောကဆိုတဲ့ ဇာတိ၊ ဇရာ၊ မရဏ လာမယ်။ ပဋိစ္စ သမုပ္ပါဒ်နည်းနဲ့ ပြောရင် (၃)ကနေ (၄) ကူးတယ်လို့ မှတ်လိုက်စမ်းပါ (တင်ပါဘုရား)။

လောကချုပ်ကြောင်း အလုပ်လုပ်နေမယ်ဆိုရင် (၃)ကို မကူးတဲ့အတွက် (၄) မဖြစ်ဘူးလို့ မှတ်လိုက်စမ်းပါ (တင်ပါဘုရား)၊ (၃) မကူးတဲ့အတွက်(၄)ကို မဖြစ်ပါဘူးဘုရား)။

(၄)ကို မဖြစ်တော့ ဒါ အနာဂတ်လောကကြီး ချုပ်သွားတာပဲ။ ဒါဖြင့် လောကကြီးထဲနေရတာ ကျုပ်ဖြင့် စိတ်ပျက်ပါပေါ့ ပြောသာပြောတယ် လောကလုပ်နေတာ (မှန်ပါ)။

## အနာဂတ်လောက တည်ထောင်နေတာ

လောကကြီးထဲနေရတာ ကျုပ်ဖြင့် စိတ်ပျက်တယ်။ သားသည်ခင်ပွန်းက အချိုးမကျ၊ စီးပွားရေးကလည်း မလည်မဝယ်နဲ့ ဆိုရင်၊ ဒါလောက သူစိတ်သာပျက်တယ်ပြောနေတာ၊ စိတ်ပျက်တဲ့လောကကြီး၊ အနာဂတ်လောကကြီး တည်ထောင်နေတာလို့ မှတ်လိုက်စမ်းပါ။

လောကကြီး စိတ်ပျက်ပါတယ်ဆိုတဲ့လူဟာ အနာဂတ်လောက တည်ထောင်တယ်လို့ မှတ်လိုက်ပါ (တင်ပါဘုရား)။

လောကကြီး စိတ်ပျက်တဲ့ပုဂ္ဂိုလ်၊ လောကကြီး ကြောက်

တဲ့ပုဂ္ဂိုလ်က ဒီလိုမဟုတ်ပါဘူး။ ပစ္စုပ္ပန်လောကကို ပစ္စုပ္ပန်ကျမှ ပေါ်လာတဲ့ တဏှာဥပါဒါန်တွေ ဝိပဿနာရှုနေတဲ့အတွက်၊ မလာအောင် ဝိပဿနာရှုနေတဲ့အတွက်၊ လောကစိတ်ပျက်တဲ့ ပုဂ္ဂိုလ်ဟာ သူမှအစစ် (တင်ပါဘုရား)။

လောကကြီးထဲ အချိုးမကျလို့ စိတ်ပျက်တာဟူသ၍က တော့၊ လောကကြီးထဲကထွက်ချင်လို့လား၊ လောကသစ်ပြန်လုပ် တာလား (လောကသစ် ပြန်လုပ်တာပါဘုရား)။

## လောကကြီး စိတ်ပျက်တဲ့ပုဂ္ဂိုလ်

အဲဒါကြောင့် အစ်မတို့က အလိုမကျတဲ့အချိန်ကျရင် လောကကြီးထဲ ကျုပ်နေလည်း မနေချင်ပါဘူး။ စိတ်ကို ပျက်နေ တာပါ။ အဲဒါ ပျက်တာ လောကလုပ်နေတာ၊ ပျက်တယ်ဆိုတော့ ကို **ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာ သင်္ခါရ** ဆိုတဲ့ လောကကြီး ပြန်လုပ်တယ်။

ဒါကြောင့် လောကစိတ်ပျက်တဲ့ပုဂ္ဂိုလ်ဟာ လောကလုပ် နေတာ (တင်ပါဘုရား)၊ လောက စိတ်ပျက်တဲ့ပုဂ္ဂိုလ်ဟာ (လောကလုပ်နေပါတယ်ဘုရား)။

ကောင်းပြီတဲ့၊ ဒါ လောကစိတ်ပျက်တာလားတဲ့။ လောကတစ်မျိုးတည်ထောင်တာလား (လောကတစ်မျိုး တည် ထောင်တာပါဘုရား)။ အဲဒါ မသိကြဘူး။ ကျုပ်ဖြင့် လူလောက **နတ်**လောက စိတ်ပျက်ပါပြီ။ အဲ စိတ်ပျက်တာသည်ကားလို့ ဆို

ရင်ဖြင့် သူ့အပြောက တစ်မျိုး၊ အလုပ်က လောကလုပ်တာလို့ မှတ်လိုက်ပါ (တင်ပါဘုရား)။

## လောကကြီး ငြီးငွေ့ရင် အလုပ်လုပ်တယ်

လောကကြီးကို စိတ်ပျက်တယ်လို့ မသုံးပါနဲ့။ လောကကြီး ငြီးငွေ့ပါပြီလို့ ဆိုလို့ရှိရင်ဖြင့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ဒါတွေဟာ လောကတွေ၊ ဒါတွေ ဖြစ်ပျက်ရှုနေတဲ့ပုဂ္ဂိုလ်ဟာ အလုပ်လုပ်တယ် (တင်ပါဘုရား)။

လောကကြီး စိတ်ပျက်တဲ့ပုဂ္ဂိုလ်ဟာ အနာဂတ်လောက ရှာတယ် (တင်ပါဘုရား)၊ ဒါကြောင့်မို့ ဒီနေ့ ထူးထူးခြားခြား မှတ်ပါ (တင်ပါဘုရား)။

လောကကြီး စိတ်ပျက်ပါပြီလို့ပြောနေတဲ့ပုဂ္ဂိုလ်များ ဘာပါလိမ့်မတုံး (အနာဂတ်လောကရှာတာပါဘုရား)၊ အနာဂတ် လောကအသစ် တည်ထောင်တာ။

## လောကကြီး ငြီးငွေ့တဲ့ပုဂ္ဂိုလ်

လောကကြီးဖြင့် ငြီးငွေ့ပါပြီဆိုတဲ့ ပုဂ္ဂိုလ်ကတော့ လောကကြီးကို အနာဂတ်လောက ဖြတ်နေတာ၊ ဒါ ကွာတယ် (တင်ပါ)၊ ငြီးငွေ့တဲ့ပုဂ္ဂိုလ်နဲ့ စိတ်ပျက်တဲ့ပုဂ္ဂိုလ်ဟာ ဒီလို ခြားနားတယ်ဆိုတာ မှတ်လိုက်စမ်းပါ (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲတော့ လောက ကတော့ဖြင့် ဒီ ဒကာ ဒကာမတွေ ထွက်မိအောင်ထွက်မှ တော်မှာပဲ၊ ထွက်မိအောင် ထွက်မှ တော်မှာပဲလို့ ဆရာသမားက ဆုံးမတယ်၊ လောက ကတော့ ထွက်မိအောင် ထွက်ကြစမ်းပါ။

မထွက်မိရင် ဘာဖြစ်မှာတုံး၊ မထွက်မိရင် အနာဂတ်လောကလာမှာပဲ။ အနာဂတ်လောကလာလို့ရှိရင်ဖြင့်၊ ဖြစ်မှုပျက်မှု ဒုက္ခသစ္စာကြီးပဲ ပြန်ပြီးပွေ့ပိုက်ရဦးမှာပဲ။ ဒါကြောင့် **လောကတော ဥတ္တရတိ လောကုတ္တရာ၊ လောကတော-** လောကမှ၊ **ဥတ္တရတိ**- ထွက်မြောက်တတ်၏။ လွန်မြောက်တတ်၏၊ **ဣတိတသ္မာ**- ထို့ကြောင့်၊ **လောကုတ္တရာ**- လောကုတ္တရာမည်၏ ဆိုသဖြင့် သူက ရင့်ကျက်လာတော့မှမင်္ဂ၊ ဒါ လောကကြီးက ထွက်မြောက်တဲ့တရားလို့ မှတ်လိုက်စမ်းပါ။

လောကကြီးက ထွက်မြောက်တဲ့တရားဆိုတာ ဝိပဿနာဉာဏ်၊ ဝိပဿနာမင်္ဂဉာဏ်နဲ့ လောကုတ္တရာမင်္ဂဉာဏ်ကို ဆိုတယ်၊ ဒါ လောကကြီးကထွက်မြောက်တဲ့တရား။

## အလုပ်မပါဘဲနဲ့ ပြောရင် အပိုပြောတာ

ဒါဖြင့်. . . လောကကြီးက ထွက်မြောက်တဲ့တရားကို အားမထုတ်တဲ့ပုဂ္ဂိုလ်များ၊ လောကကြီး စိတ်ပျက်ပါပြီဆိုတာ အပိုပြောတာ၊ အလုပ်မပါဘဲနဲ့ သူပြောရိုးပြောစဉ်ကို ပြောနေတာလို့ အစ်မတို့က မှတ်ရမယ် (တင်ပါဘုရား)။

လောကကြီးဖြင့် ကျုပ်ဖြင့် စိတ်ပျက်ပါပြီ အလကား ပြောတာ၊ လောကသစ်တည်ထောင်နေတာ၊ သူ့အပြောက သူ့ဖြစ်စဉ်က လောကသစ်တည်ထောင်နေတာ၊ လောကသစ်တည်ထောင်ရင် ဒုက္ခသစ္စာရမယ်။

လက်ရှိလောကကြီး ငြီးငွေ့လို့ရှိရင် လောကဆုံးသွားဖို့ လိမ့်မယ်၊ အဲတော့ လောကဆိုတာ တခြားကိုမယူပါနဲ့၊ မြင်စိတ် ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ဖဿ၊ ဝေဒနာတို့ကိုဆိုလိုက်စမ်းပါ။ ဒါတွေဟာ လောကတွေပဲ။

ဒီလောကတွေကို ဒုက္ခသစ္စာမြင်အောင် ကြည့်နိုင်လို့ ရှိရင် လောက မင်္ဂပေါ်လာတာ၊ မင်္ဂပေါ်လာလို့ရှိရင်ဖြင့် လောကကြီးက ထွက်ကြောင်းဖြစ်တဲ့ မဂ္ဂသစ္စာဟာ ကိုယ်ပိုင် ရတာပဲဆိုတာ သေသေချာချာ မှတ်ပါ။

## လောကကြီးက မထွက်ချင်ရင်

ကိုင်း- ဒါဖြင့် လောကကြီးက မထွက်ချင်တဲ့ပုဂ္ဂိုလ်၊ အပြစ်ရှိတယ်။ ဘယ်လိုအပြစ်ရှိတုံးဆိုတော့ လောကထဲနေလို့ ရှိရင်ဖြင့် ကိုယ်လုပ်ထားတဲ့ အနာဂတ်ကံတွေကလည်း၊ လောကထဲမှာနေလို့ရှိရင် သူ့သတ္တိနဲ့သူ လိုက်ပြီး နှိပ်စက်နေတာ ပဲ။

အတိတ်တုန်းကလုပ်ထားတဲ့ ကုသိုလ်ကံတွေကလည်း လိုက်နှိပ်စက်တာပဲ။ အကုသိုလ်ကံတွေကလည်း နှိပ်စက်

နေတာပဲ။ ဘာယ့်ကြောင့် လိုက်နှိပ်စက်နေပါလိမ့်မတုံးလို့၊ ဆရာဘုန်းကြီးကို အစ်မကို့က မေးလို့ရှိရင်၊ ခင်ဗျားတို့ကလည်း ပြေးပေါက်မရှိတဲ့ပုဂ္ဂိုလ်မို့ မိတာ၊ လောကကြီးထဲ လှည့်ပြေးနေတော့ မိတာပဲ။ လောကတရားကပဲ ပြန်လိုက်တယ် (တင်ပါဘုရား)။

ဘာကြောင့် လောကတရားက ပြန်လိုက်တုံး၊ ကိုယ်ကလည်း လောကထဲပဲ လှည့်ပြေးနေတော့၊ ကိုယ်လုပ်ထားတဲ့ လောကတွေက လိုက်နှိပ်စက်နေတာပဲ (တင်ပါဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ လွတ်အောင်မပြေးတတ်လို့ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ကံဟောင်းတွေလိုက်နေတယ်

အဲတော့. . . ဘာဟောပါလိမ့်မတုံး မေးတဲ့အခါကျတော့၊ နောက်က **အပရာပရိယ ဝေဒနိယကံတွေ** ကံဟောင်းတွေ လိုက်နေတယ် (တင်ပါဘုရား)၊ ကံဟောင်းတွေ ဝိုင်းနှိပ်စက်နေတော့ အကုသိုလ်ကံဟောင်းကလည်း သတ်ဟယ်၊ ဖြတ်ဟယ် ဥပစ္ဆေဒကကံနဲ့ သေခြင်းဆိုးအသေခိုင်းတယ်။

ကုသိုလ်ကံကလည်း ဇာတိ ဇရာ မရဏတွေ နောက်ထပ်ပေးတယ်၊ ပေးနေပြန်တော့ ကိုယ်ကလည်း လောကကြီးထဲပဲ လျှောက်ပြေးနေတော့၊ လောကနောက်ကလိုက်နေတဲ့ အပရာပရိယဝေဒနိယ ကံတွေကို ဘယ်နည်းနဲ့မှ လွတ်အောင်

မပြေးနိုင်ဘူး။ လောကထဲနေတုန်းတော့ဖြင့် သူ့နယ်ချည်းပဲ၊ ဒီကံတွေက အကုန်လိုက်နေတာပဲ။

ကောင်းတဲ့ကံကလည်း ဇာတိ ဇရာ မရဏ၊ သုဂတိ ဇာတိ ဇရာ မရဏ လိုက်အကျိုးပေးလိုက်တယ်။ မကောင်းတဲ့ ကံကလည်း သေခြင်းဆိုးသေလို့ အပါယ်လေးပါး ပို့ချလိုက်၊ ဒါဖြင့် သူချယ်လှယ်နိုင်တဲ့အထဲမှာ ကိုယ်က ပြေးနေလို့၊ လောကပြင်ဘက် မထွက်တတ်တဲ့ ပုဂ္ဂိုလ်များမှာတော့ဖြင့်၊ ကျုပ် အကောင်းချည့်တွေ့ချင်ပါတယ်ဆိုလို့လည်း မရဘူး။ ကျုပ်အဆိုးချည်း တွေ့ချင်ပါတယ်ဆိုလို့လည်း မရဘူး။ တွေ့နေရမှာပဲ။ နောက်ဆုံးပိတ် သစ္စာဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ အဆိုးချည်းတွေ့နေရမယ်လို့ ဆုံးဖြတ်ချက်ချ (တင်ပါဘုရား)။

သစ္စာဉာဏ်နဲ့ကြည့်လိုက်တော့ (အဆိုးတွေ့တာပါ ဘုရား)၊ ပဋိသန္ဓေစုတိပဲ ပေးနေမှာကို (တင်ပါဘုရား)၊ အဲတော့ ပဋိသန္ဓေစုတိပဲ ပေးနေတော့ ပဋိသန္ဓေကလည်း ဒုက္ခသစ္စာ၊ စုတိကလည်း ဒုက္ခသစ္စာ၊ ဘယ့်နှယ်ကြောင့်တုံး ဘယ်လို လောကထဲ ပြေးနေတဲ့ပုဂ္ဂိုလ်တုံး၊ ကျုပ်ကလည်း လောက တရား ဖြစ်နေတော့ လိုက်ရမှာပဲ၊ နှိပ်စက်ရမှာပဲ။

## လောကထဲမှာ ယနေ့သူဌေး၊ နက်ဖြန်ခွေး

ဘာကြောင့်တုံး၊ လောကပြင်ဘက်ရောက်ကြောင်း အလုပ်မလုပ်တတ်လို့၊ ဒါကြောင့် ယနေ့ သူဌေး နက်ဖြန် ခွေး

ဖြစ်နိုင်ပါတယ်။ လောကကြီးထဲသာ လှည့်ပြေးနေလို့ရှိရင်ဖြင့် ယနေ့ သူဌေး နက်ဖြန်ခွေးပဲ။ ယနေ့ ချောချောလှလှ၊ နက်ဖြန် ဒါးခုတ်ရာကြီးနဲ့လားဖြစ်မှာပဲ။ ဒါ လောကထဲ လျှောက်ပြေးတာကို (တင်ပါဘုရား)။ ကံတွေက နောက်ကလိုက်နေတယ် (တင်ပါဘုရား)။

ဒါဖြင့် ဒီ ဒကာ ဒကာမတွေ၊ လောကပြင်ဘက်ကိုလည်း ရှိမှန်းမသိတော့၊ လောကထဲမှာ လျှောက်ပြေးနေတော့၊ ကိုယ်လုပ်ထားတဲ့လောကတွေက မကောင်းတဲ့ကံ လောကတွေ၊ တဏှာ၊ ဥပါဒါန်တွေက ပြေးလို့မလွတ်ဘူးကွ ဆိုပြီး သကာလ၊ ယနေ့သူဌေး နက်ဖြန်ခွေးဖြစ်အောင် လုပ်နိုင်ပါတယ်၊ ရှင်းကြပ့လား (ရှင်းပါပြီဘုရား)။ အင်း. . . ဒါ မပြေးတတ်တဲ့ပုဂ္ဂိုလ် (မှန်ပါဘုရား)၊ ပြေးပြန်တော့ ဘယ်ပြေးတုံး လောကထဲ လှည့်ပြေးတယ်။

လောကထဲ လှည့်ပြေးတော့ ဒီကံတွေက ကျုပ်တို့လည်း လောကပဲ။ ခင်ဗျားကလည်း လောကထဲလျှောက်ပြေးနေတယ်။ ကျုပ်တို့ကလည်း လောကတရားတွေပဲဆိုပြီး၊ သူတို့ကလည်း မရှာတတ် မဖွေတတ် မဟုတ်တော့ဘူး (တင်ပါဘုရား)၊ တွေ့အောင်ပဲ လိုက်နိုင်တယ် (တင်ပါဘုရား)။

ဘာကြောင့်တုံး ကိုယ်က မပုန်းတတ်လို့၊ သူ လောကအပြင်ဘက်ကို သွားလို့ရှိရင် ဒီလောကဖြစ်တဲ့ ကံတွေက လောကဖြစ်တဲ့ တဏှာ ဥပါဒါန်တွေက လိုက်နိုင်သေးရဲ့လား (မလိုက်နိုင်ပါဘူး)။

## လောကဖြစ်ကြောင်း ချုပ်အောင်လုပ်ပါ

လောကဖြစ်ကြောင်းတွေ ချုပ်သွားတော့၊ ကံကလည်း ချုပ်သွားတော့၊ ကိုယ်ကလည်း လောကပြင်ဘက် ပြေးတတ်တဲ့ ပုဂ္ဂိုလ်မို့၊ သူတို့ဟာ လောကထဲသာ လိုက်ရှာတတ်ပါတယ်။ လောကပြင်ကိုတော့ ရှာလို့မတွေ့ပါဘူး။ သူတို့လည်း မလိုက်နိုင်ဘူး။

အဲဒါ ဒကာ ဒကာမတွေက မသိတော့၊ ဒီဘုံ မကောင်း ဟိုဘုံပြောင်းတယ်ဆိုတော့၊ လောကထဲ လှည့်ပြေးတာပဲ။ ဒါဖြင့် ပြေးနည်း နိသရဏ်းဟာဖြင့် ယနေ့ ရှင်းဖို့ ကောင်းပါပြီ (တင်ပါ ရှင်းပါပြီဘုရား)။

ပြေးတတ်မှလည်း လွတ်တယ်ဆိုတဲ့ဥစ္စာ၊ လွတ်ဆိုပေမယ်လို့ လောကထဲ လျှောက်ပြေးနေလို့ မလွတ်ဘူး၊ လောကပြင်ဘက် ထွက်ပြေးမှ လွတ်တယ် (တင်ပါဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား)။

ဒါဖြင့် ယနေ့ တရားဟာ ဘာတရားပါလိမ့်မတုံး ဆိုတော့ မပြေးတတ်တဲ့ ပုဂ္ဂိုလ်မှာ ကိုယ်လုပ်ထားတဲ့ လောကက ကိုယ့်လောကကို လိုက်နှိပ်စက်တယ် တဏှာ ဥပါဒါန်ကံတွေ ကိုယ်လုပ်ထားခဲ့တာကို ဘဝများစွာက (တင်ပါ)။

ဒါဖြင့် ကိုယ့်နောက်လိုက်ပြီးသကာလ

**ကမ္မုနာဝတ္တတေလောကော၊**

**ကမ္မုနာဝတ္တတေ ပဇာ။**

**ကမ္မနိဝရဏံ သတ္တာ၊**

**ယထကနိဝ ယာယတော။**

လို့ စတုက္ကနိပါတ် ပါဠိတော်မှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းတို့ သွားချင်တဲ့ဆီ သွားကွ၊ မော်တော်ကားသွားတော့ မော်တော်ကား မီးတွေ ပါသလိုပဲ၊ ရှေ့က မီးခွက်ဟာ မော်တော်ကား အပြေးမောင်းလည်း သူအပြေးပါတာပဲ နှေးနှေးမောင်းလည်း နှေးနှေးမီးခွက်ဟာ ပါတာပဲ (တင်ပါဘုရား)။

ဒီမှာလည်း လောကကြီးထဲ ခပ်ဖြေးဖြေး သွားလည်း ခပ်ဖြေးဖြေးကံတွေက နောက်က လိုက်နှိပ်စက်တာပဲ၊ အခုမွေး အခုသေလည်း သူလုပ်တာပဲ အခုမွေးပြီး တော်တော်ကြာမှ အသေခိုင်းတာလဲ သူပဲ (တင်ပါဘုရား)။

အဲဒီတော့ မပြေးတတ်ရင်တော့ဖြင့် မော်တော်ကားသွား မီးခွက်ပါသလို လိုက်နေတာပဲ၊ ကိုယ်က လောကထဲပဲ လှည့်ပြေးတတ်တော့၊ ကိုယ်လုပ်ထားတဲ့ လောကကံတွေက လိုက်လာတယ် ရှင်းပလား (ရှင်းပါပြီဘုရား)။

## လောကက ကိုယ့်နှိပ်စက်တယ်

ဒါဖြင့် ကိုယ့်လောကနဲ့ ကိုယ်ဒုက္ခရောက်ရတယ်၊ လောကများ၊ ကိုယ်လုပ်တဲ့ လောကကကိုယ့်လိုက်နှိပ်စက်တယ် . . . (တင်ပါဘုရား)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)၊ ကိုယ်

လုပ်ထားတဲ့ လောကက (ကိုယ့်လာနှိပ်စက်ပါတယ်ဘုရား)။

ကိုယ့်လာနှိပ်စက်တော့ ကိုယ်ကလည်း မပြေးတတ်တော့ ဘယ်ထဲလှည့်ပြေးနေပါလိမ့် (လောကထဲပဲ လှည့်ပြေးပါတယ်ဘုရား) အို-လောကထဲ လှည့်ပြေးလို့ရှိရင် ပြေးချင်ရာပြေး မလွတ်ပါဘူး၊ (တင်ပါဘုရား)၊ ကိုယ်လုပ်ထားတဲ့ လောကကံတွေကလေ၊ လောကတဏှာ ဥပါဒါန်တွေက မလိုက်နိုင်တဲ့နေရာ ပြေးမှ မလိုက်မှာပေါ့။

လိုက်နိုင်တဲ့နေရာ လျှောက်ပြေးရင်တော့ မိရမှာပဲ၊ ဖြည်းဖြည်းမိတာရယ်၊ အမြန်မိတာရယ် ဒီအနှိပ်စက်တွေတော့ ခံရမှာပဲ၊ ဖြည်းဖြည်းမိလည်း နှိပ်စက်မှာပဲ၊ မြန်မြန်မိလည်း နှိပ်စက်နေမှာပဲ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

## လောကထဲမှာ၊ အိုရနာရမှာပဲ

ဒါဖြင့် ယနေ့သည် လောကထဲနေတဲ့ ပုဂ္ဂိုလ်ဟာ၊ လောကကံတွေက နောက်က ကိုယ်က မသိမလိုမ္မာတုန်း လုပ်ထားတဲ့ တဏှာဥပါဒါန် ကံတွေက လူသွားရာ အရိပ်ပါသလို၊ လှည်းသွားရာ ဘီးပါသလို၊ နွားသွားရာ ဘီးပါသလို နေပြန်တော့၊ ဒီဒကာ ဒကာမတွေမှာ အိုရမှာ ကြောက်ငြားသော်လည်း၊ လောကထဲမှာ ပြေးနေတဲ့အတွက် အိုရမှာပဲ။

နာရမှာကြောက်ငြားသော်လည်း လောကထဲသာ လျှောက်ပြေးနေရင်တော့ (နာရမှာပါဘုရား)၊ သေရမှာ

ကြောက်ငြားသော်လည်း လောကထဲသာ လှည့်ပြေးနေရင် (သေရမှာပါဘုရား)။

ဘာဖြစ်လို့တုံး၊ ကိုယ်ကလုပ်ထားတဲ့ အကြောင်း လောကကရှိနေတော့၊ အဲဒီအကျိုးလောကခန္ဓာကြီးဟာဖြင့် အကြောင်းလောက စီမံသလို ခံနေရမှာပဲ၊ သဘောပါပလား (သဘောပါပါတယ်ဘုရား)။

အကြောင်းလောကစီမံသလို အကျိုးလောက ခန္ဓာကြီး ဟာဖြင့် ပြေးလွတ်ပံ့မလား (မလွတ်ပါဘူးဘုရား)။

## လောကပြင်ဘက်ကိုပြေးကြ

ဒါဖြင့် ကြောက်ပါတယ်ဆိုပေမယ့်လည်း အပြေးမတတ် လို့ရှိရင် အမိအရ ဖမ်းမယ် (တင်ပါဘုရား)၊ ကြောက်ပါတယ် လို့ ပြေးငြားသော်လည်း အပြေးမတတ်ရင် (အမိအရဖမ်းပါ တယ်ဘုရား)၊ လောကပြင်ဘက်ကို ပြေးကြ (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

လောကပြင်ဘက်ကို ဘာလုပ်ရမတုံး (ပြေးရမှာပါ ဘုရား)၊ သို့မဟုတ် လောကကြီးထဲနေ၊ ကိုယ်လုပ်ထားတဲ့ ကံ ဟောင်းတွေက လိုက်လာမှာပဲ၊ မလိုက်ပေဘူးလား (လိုက်မှာပါ ဘုရား)၊ တဏှာ၊ ဥပါဒါန် လောကတွေကော (လိုက်မှာပါဘုရား)၊ လိုက်မှာပဲတဲ့။

အဲတော့ ကိုယ်ပြေးတတ်တာက (၃၁) ဘုံ၊ သူကလည်း

(၃၁) ဘုံကိုဖြင့် မရှာနိုင်တဲ့နေရာမရှိတော့ အန္တရာယ် ကင်းချင်ပါတယ်၊ ဘေးကင်းချင်ပါတယ်ဆိုငြားသော်လည်း၊ အန္တရာယ်ထဲလျှောက်ပြေးနေပြီး၊ အပြေးမတတ်တော့ အသတ်ခံရမှာပဲ (တင်ပါဘုရား)။

ဘာ့ကြောင့်တုံး၊ လွတ်ရာမရှာတတ်လို့၊ ဒါဖြင့်လောကနိရောဓ ဖြစ်အောင်လုပ်ကြ၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ ဘာလုပ်ကြမတုံး (လောကနိရောဓ ဖြစ်အောင်လုပ်ကြရမှာပါဘုရား)။

## လောကချုပ်အောင်လုပ်

လောကနိရောဓဖြစ်အောင် လောကချုပ်အောင်လုပ်လိုက်လို့ရှိရင်တော့၊ ဒီလုပ်တဲ့ ပုဂ္ဂိုလ်ဟာ လောကပြင်ဘက်ရောက်မှာပဲ၊ (တင်ပါဘုရား)၊ အဲတော့ လောကကံတွေ၊ တဏှာတွေ၊ ဥပါဒါန်တွေဆိုတဲ့ လောကသမုဒယော ယောတိ ဆိုတာတွေ လိုက်နိုင်သေးရဲ့လား (မလိုက်နိုင်ပါဘူး)။

အဲလောကသမုဒယော-လောကဖြစ်အောင်လုပ်တတ်တဲ့ တရားတွေ၊ တဏှာ၊ ဥပါဒါန်၊ ကံတွေက မလိုက်နိုင်ပါဘူး၊ ဒါကြောင့် ယနေ့ညတရားမှာ ဘာပါလိမ့်မတုံးဆိုတော့၊ အပြေးမတတ်လို့ အသတ်ခံရတဲ့ဥစ္စာတွေသိပါစေတော့ ဆိုပြီး သကာလ၊ ပြေးရာဌာနကို ပြချင်လို့၊ လောကပြင်ဘက်ပြေးမှ လောကတရားတွေ၏ ရန်သူတွေဟာ နှိပ်စက်မှုမှ လွတ်သွား

မယ်လို့ နိဂုံးချုပ်တော့ ဒါပြောတာပဲ (တင်ပါဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား)။

ဒါဖြင့် လောကပြင်ဘက်ကို (ပြေးရမယ်ဘုရား) ပြေးရမယ်၊ လောကထဲတော့ လျှောက်ပြေးမနေနဲ့နော် (တင်ပါဘုရား)။

## ငရဲကောင်လုပ်လိုက် ပြိတ္တာလုပ်လိုက်

လောကထဲ လျှောက်ပြေးနေလို့ရှိရင်ဖြင့်၊ ကိုယ်လုပ်ထားတဲ့ အတိတ်လောကတွေကလည်း လိုက်နေမှာပဲ၊ မလိုက်ပေဘူးလား (လိုက်ပါတယ်ဘုရား)၊ လိုက်မှာပဲ အတိတ်ကလုပ်ထားတဲ့ တဏှာ၊ ဉပါဒါန်၊ ကံတွေက ပြေးလို့မလွတ်ဘူးကွနော်ဆိုပြီးသကာလ ငရဲကောင်လုပ်လိုက်၊ ပြိတ္တာကောင်လုပ်လိုက်၊ သေခြင်းဆိုးအသေခိုင်းလိုက်၊ နေခြင်းဆိုး အနေခိုင်းလိုက် ဘယ့်နှယ်ကြောင့် ဒီဟာတွေ ဒီဒကာ ဒကာမတွေ တွေ့နေကြတုံး၊ ဩော် မပြေးတတ်လို့ တွေ့ရတာဘုရ့၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

အိုလိုက်-နာလိုက်-သေလိုက်၊ သားသေလိုက်၊ မြေးသေလိုက်၊ အမေသေလိုက်၊ မျက်ရည်ကြီးငယ်တွေကျလိုက်၊ စီးပွားတွေ ချွတ်ယွင်းသွားလိုက်၊ တော်ကြာကောင်းချင်လည်း ကောင်းလာလိုက်၊ ကောင်းနေတာကနေ ဝုန်းကနဲနေပြီးသကာလ မမာလိုက်။

မနေ့က ဖီးလိမ်းလှနေသေးတယ်၊ ဒီနေ့လူမမာကောင်ကြီးဖြစ်လို့၊ ဟ-ဘာဖြစ်တာတုံးဆို၊ ဟိုမပြေးတတ်တော့ ဘုရားလဲ၊ ကွဲ၊ ချော်ကုန်တာပေါ့၊ လောကကြီးထဲ လျှောက်ပြေးတာကို။

လောကကြီးထဲ လျှောက်ပြေးနေတော့၊ မမာတဲ့ကံကလည်း မမာအောင်လုပ်ချလိုက်တာပဲ၊ သေအောင်လုပ်မယ့်ကံကလည်း သတ်ချလိုက်တာပဲ၊ ဒုက္ခပေးမယ့်ကံကလည်း ဒုက္ခပေးချပစ်လိုက်တာပဲ၊ (တင်ပါဘုရား)။

ဘာဖြစ်လို့ ဒီဥစ္စာတွေ မျိုးစုံဒုက္ခတွေ့ရပါလိမ့်မတုံးဆိုတော့၊ အပြေးမတတ်လို့ ဖြစ်ရတာ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဘယ်ပြေးမှ ကျုပ်တို့ ခင်ဗျားတို့ လွတ်ပါ့မတုံးဆိုတော့၊ လောကပြင်ဘက်ဆိုတဲ့ လောကုတ္တရာဘက်ပြေးမှလွတ်မယ် (တင်ပါဘုရား)။

လောကထဲ လှည့်ပြေးလို့တောဖြင့် (မလွတ်ပါဘူးဘုရား)၊ မလွတ်ဘူးဆိုတာ သေချာပလား (သေချာပါပြီဘုရား)၊ ဒါက လောကနိရောဓ ဖြစ်အောင်လုပ်ပါ (တင်ပါဘုရား)။

## လောကနိရောဓဆိုတာဘာတုံး

လောကနိရောဓဆိုတာ ဘာတုံးဆိုတော့ လောကကြီးအကြောင်းတွေ ကောင်းကောင်းသိရမယ်၊ ကောင်းကောင်းသိလိုက်တဲ့အခါ ရှုံမုန်းလာလိမ့်မယ်၊ ရုပ်နာမ်လောကကြီးကို (တင်

ပါဘုရား) မမုန်းပေဘူးလား (မုန်းပါတယ်)။

ရုပ်နာမ်လောကကြီးလည်း မုန်းရုံတင်မကဘူး၊ သူပဲ နှိပ်စက်နေတာပဲဆိုပြီး သူ့ဒုက္ခသစ္စာတွေ မြင်လာလိမ့်မယ်၊ ထိုကဲ့သို့ မြင်လာတဲ့အခါကျတော့၊ လောကကြီးထဲ ဒုက္ခသာ ရှိတယ် နိရောဓမရှိဘူးဆိုတာ ပေါ်လာလိမ့်မယ်။

အဲဒီတော့မှ လောကကြီးဖြင့် ရွံပါပြီ၊ မုန်းပါပြီ၊ မလိုချင် ပါဘူးဆိုတော့ လောကဆိုတဲ့ ရုပ်နာမ်ဟာ ချုပ်သွားတာပဲ၊ အဲဒီလောက ဆိုတဲ့ ရုပ်နာမ်ချုပ်သွားတော့မှ၊ ကိုယ့်ဉာဏ်က ဩော်. . . မသေရာအမှန်၊ မအိုရာအမှန်၊ ပဋိသန္ဓေဆင်းရဲမှု မရှိရာ အမှန်ရှိသေးတယ်ဆိုတာ ဉာဏ်ကမြင်လာလို့ရှိရင်၊ အဲဒါ လောကပြင်ဘက်ကို မြင်တဲ့ ဉာဏ်ဟာ ခုမှရတာပဲ (တင်ပါဘုရား)။

အဲဒီဉာဏ်ရပြီးလို့ရှိရင်တော့ဖြင့်၊ အင်း. . . လောက ပြင်ဘက်ရောက်ဖူးသွားတဲ့အတွက် ဘာမှ မစိုးရိမ်နဲ့တော့၊ ဒီဥစ္စာသည်ကားလို့ဆိုရင် လောကပြင်ဘက်ရောက်တဲ့ဉာဏ် ရသွားပြီဆိုတော့ ကံတွေဟူသရွေ့ အဟောသိကံဖြစ်ပြီ။

လောကတွေက နောက်ကလိုက်လာတယ်၊ နောက် လောကတွေ၊ တဏှာ လောကတွေ၊ ဥပါဒါန်လောက၊ ကံလောကတွေဟာ ဒို့နယ်က လွတ်သွားပြီးဟေ့ဆိုပြီး သကာလ အဟောသိကံအဖြစ်နဲ့ မေ့ကျန်နေရစ်ရတယ်၊ သဘောပါပလား (သဘောပါပါပြီဘုရား)။

## လောကအပြင်ဘက်ရောက်မှ

ဘာကြောင့်ပါလိမ့်၊ လောကပြင်ဘက်ရောက်သွားလို့ (တင်ပါဘုရား)၊ လောကအတွင်းမှာသာ သူက သတ်နိုင်တယ်၊ ဖြတ်နိုင်တယ်၊ ဆင်းရဲမျိုးစုံပေးနိုင်တာကို၊ လောကပြင်ဘက် ရောက်တဲ့အခါကျတော့ သူ့နယ်မဟုတ်လို့ သူလိုက်နိုင်သေးရဲ့ လား (မလိုက်နိုင်ပါဘူး)။

အဲဒီ့မလိုက်နိုင်တဲ့နယ်ပြေးမှသာလျှင်လည်း အန္တရာယ် ကင်းလို့ဘေးရှင်းမယ်၊ လိုက်နိုင်တဲ့အထဲလျှောက်ပြေးပြီ၊ တိုက်ကြီးတည်ပြီ၊ လုံနေပေမယ့် ခိုးသား ဓါးပြဘေးတော့ လုံပါရဲ့ အိုဘေး၊ နာဘေးကလည်း ဒီထဲအထိ လိုက်တာပဲ။

တစ်ခါမအိုအောင်၊ မနာအောင်လို့ ဆေးတွေစားပြန် တော့လည်း ဒီရောဂါခန္ဓာကြီးရထားလို့ သေပွဲက ဒီထဲဆင်းရမှာ ပဲ၊ အဲတော့ ဒါဘယ့်နှယ်ကြောင့်တုံးဆိုတော့၊ အို. . . သူမပြေး တတ်လို့ လောကကြီးထဲမိတာပေါ့၊ ဖြစ်မှု ပျက်မှု လောကကြီး ထဲမှာ ဖြစ်ပျက်မှုနဲ့ပဲ သူဇာတ်သိမ်းရတာပေါ့လို့ ဆိုရင် လွဲပါ့ မလား၊ (မလွဲပါဘူး)။

## လောကဆိုတာ ရုပ်နာမ်ကိုဆိုတာ

ဒါကြောင့် ပြေးတတ်ပလားလို့ မေးတဲ့ဉစ္စာလည်း ရှင်း ကြပလား (ရှင်းပါပြီဘုရား)၊ လောကမြင်အောင်ကြည့်၊ (တင်ပါ့ ဘုရား)၊ ပြေးချင်တဲ့ပုဂ္ဂိုလ် လောကဆိုတာ ရုပ်နာမ်ကို ဆိုသည်၊

ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်းတွေကို ဆိုသည်၊ အဲဒါ မြင်အောင် ကြည့်တော့မှ အဲဒီသဘောကို ငြီးငွေ့အောင်ကြည့်၊ လောက၏ သဘောကို ငြီးငွေ့အောင်ကြည့် (တင်ပါဘုရား)။

ဒီလောကကိုပဲ နောက်ဆုံးပိတ်ဆုံးမှ အေးမှာပါပဲဆိုတဲ့ လောကကြီးကို ဒုက္ခအဖြစ်နဲ့ အမှန်သိလို့ရှိရင် လောကကြီးဟာ ဆုံးသွားတာပဲ (တင်ပါဘုရား)။

## လောကအဆုံးရောက်အောင်ကြည့်

အဲဒီတော့မှ ဉာဏ်သည် လောကပြင်ဘက်ရောက်သွားပြီ၊ သေပြီးအခြားမဲ့၌လည်း လောကပြင်ဘက်မှာပဲ သူလောကကြီး အန္တရာယ် မာန်စွယ်တွေ အကုန်လွတ်တဲ့နေရာ ဌာန ရောက်ပါတယ်။

ဒါကြောင့် ယနေ့ တရားဟာ လောကပြင်ဘက်ကို ထွက်ချင်လို့ရှိရင် လောကမြင်အောင်ကြည့်၊ လောက မုန်းအောင်ကြည့်၊ လောကအဆုံးရောက်အောင် ကြည့်လို့ရှိရင် ကိစ္စပြီးတာပါပဲ၊ ရှင်းပြီ (ရှင်းပါပြီဘုရား)။

ကဲ. . . ဒီတွင်တော်ဦး

သာဓု. . .၊ သာဓု. . .၊ သာဓု. . .။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

# လောကသုံးပါး

# ဘယ်လောကမှ ထွက်မြောက်တုံး (၂)

ဟောကြားသည့်နေ့ (၁၈-၂-၆၂)

လောကအပြင်ဘက်ထွက်တဲ့ တရား ဒီနေ့ထွက်ပုံနှင့် တကွပြောရမယ်၊ လောကဆိုတာ မနေ့က ပြောခဲ့ပါပြီ၊ သင်္ခါရလောက ဖြစ်ပျက်ကိုဆိုသည်။

**လောကသုံးပါး**

ပြပြင်လို့ပေါ်လာတဲ့ တရားဟူသ၍ကို အားလုံး မှတ်ထားကြပါ ဒါသင်္ခါရလောကပဲ ။

(၁) ပြုပြင်လို့ ပေါ်လာတဲ့ တရားက သင်္ခါရလောက လို့မှတ်ပါ။

(၂) သတ္တလောကဆိုတာ ခန္ဓာကိုယ်ကြီးကို ဆိုသည်။

(၃) ဩကာသလောကတွေကတော့ ဘုံတို့၊ မြေတို့၊ ရေတို့ ဒါကို ဆိုသည်။

အဲဒီလောကသုံးပါးကတော့ဖြင့် **လုဋ္ဌနပလုဋ္ဌနဋ္ဌေန လောကော** မှတ်ထားတော့ ဩော်. . . သူကျန်နေလို့ရှိရင် ဖြစ်မှု ပျက်မှုရှိတာပဲ၊ ဖြစ်မှုပျက်မှုရှိရင် ဖြစ်မှုပျက်မှု ဒုက္ခသစ္စာပဲလို့ မှတ်ထားလိုက်တော့ ဩော်. . . ဒုက္ခသစ္စာနယ်ထဲကကို။

## ဘယ်လောကမှ ထွက်ရမှာတုံး

ဒါဖြင့် ဘယ်လောကမှ ထွက်ရမှာတုံးလို့ မေးတဲ့အခါကျတော့၊ လောကသုံးပါးမှာ သင်္ခါရလောကမှ ထွက်မှ၊ သင်္ခါရလောက ကထွက်လို့ရှိရင် သတ္တလောကလည်း ထွက်ပြီးသား၊ ဩကာသလောက ကလည်းထွက်ပြီးသားလို့ မှတ်ထားပါ (တင်ပါဘုရား)။

သင်္ခါရလောက ကထွက်လို့ရှိရင် သတ္တလောကမှလည်း ထွက်ပါတယ်၊ ဩကာသ လောကဆိုတဲ့ ဘုံဌာနမှလည်း ထွက်ပါတယ်။

ဒါ့ကြောင့် **သဉ်တာမမွာ**၊ **အသဉ်တာမမွာ**လို့ ဘုရားက ဟောလိုက်တယ်၊ **မမွသင်္ဂဏီပါဠိတော်**မှာ၊ **သဉ်တာမမွာ** ဆိုတာ

သင်္ခါရလောကဆိုတာပဲ၊ **အသင်္ခတာဓမ္မာ** ဆိုတာ သင်္ခါရ မပြုမပြင်ဘဲနဲ့ အမြဲထာဝရရှိနေတဲ့ နိဗ္ဗာန်ကို ဆိုတာပဲ။

အဲတော့ ဒီဒကာ ဒကာမတွေက ဩော်. . . ဒို့လောက သုံးပါးက ထွက်ရမယ်ဆိုပေမယ့်၊ ဘယ်လောကကို အလုပ် လုပ်ထွက်ရမှာတုံးလို့ မသိဘဲနေမှာစိုးတဲ့အတွက်၊ သင်္ခါရ လောက အလုပ်လုပ်ပြီးထွက်ကြလို့ သတိပေးလိုက်တယ်။

## သင်္ခါရလောကဆိုတာ

သင်္ခါရလောကဆိုတာ ဘာပါလိမ့်မတုံး၊ ရုပ်တို့၏ ဖြစ်ပျက်၊ နာမ်တို့၏ ဖြစ်ပျက်လို့မှတ်လိုက်။

ရုပ်တို့၏ ဖြစ်ပျက်၊ နာမ်တို့၏ဖြစ်ပျက်က၊ ရုပ်ဆိုတာ ကံ၊ စိတ်၊ ဥတု၊ အဟာရ ပြုပြင်လို့ ပေါ်လာသောကြောင့် သင်္ခါရလောကပဲ၊ နာမ်ဆိုတာ အာရုံဒွါရနှစ်ခုထိလိုက်မှ ပေါ်သောကြောင့် ပြုပြင်လို့ ပေါ်လာတဲ့ နာမ်ကလေးပဲ၊ ဒါကြောင့် သူ့လည်း သင်္ခါရလောကလို့ မှတ်လိုက်။

အဲဒီ သင်္ခါရလောက ကထွက်မှ အသင်္ခတဘက်ကို ရောက်မယ်၊ သင်္ခတကထွက်မှ (အသင်္ခတဘက်ကိုရောက်မှာပါ ဘုရား)၊ အသင်္ခတဘက်ရောက်မယ်ဆိုတော့ ဩကာသ လောက ကထွက်ဖို့မလိုဘူး၊ သတ္တလောကက ထွက်ဖို့မလိုဘူး၊ သင်္ခါရလောကကထွက်ရင် အကုန်ထွက်တာပဲ (တင်ပါ)။

## သင်္ခါရလောကဝိပဿနာရှု

ဒါကြောင့် ဒကာ ဒကာမတွေကို သင်္ခါရလောကပဲ ဝိပဿနာရှုခိုင်းတယ်လို့ မှတ်ထားတော့၊ ဩော်. . . ဒီလောက တစ်ခုလုံးကို ရှုမှန်းပြီးတော့ မလိုချင်လို့ရှိရင်ဖြင့် ကိစ္စပြီးတာပဲကိုး၊ ဒါကြောင့်ဒို့ကို သင်္ခါရလောကတစ်ခုတည်း ရှုခိုင်းတာကိုဆိုတာ ယနေ့ည ရှင်းရှင်းလင်းလင်း မှတ်ရမယ်။

ကောင်းပြီ၊ ဒါဖြင့် သင်္ခါရလောက မရှုလို့ရှိရင် ဒကာ ဒကာမတွေ ဘယ်လိုစိုးရိမ်ရသတုံး၊ ကုသိုလ်သင်္ခါရကလည်း သုဂတိပို့ချလိုက်တာပဲ။

စဉ်းစားကြည့်ကြပါလား အဝိဇ္ဇာ ပစ္စယာသင်္ခါရာ၊ သူ့အကြောင်းမှ မကင်းပဲ ဒီသင်္ခါရ (မကင်းပါဘုရား)၊ **အဝိဇ္ဇာ** ပစ္စယာ သင်္ခါရာလို့ အစ်မတို့ ရထားတော့၊ ဩော်. . . **သင်္ခါရ** ဆိုတဲ့ တရားဟာ အဝိဇ္ဇာနဲ့ မကင်းသေးပါလားဆိုသဖြင့်၊ သင်္ခါရလောက ကမထွက်လို့ရှိရင်၊ ဘယ်ကလာရမှာလဲဆိုတာကို ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ရင်လည်း ရှင်းနေတာပဲ (ရှင်းပါတယ်ဘုရား)။

## သင်္ခါရကိုအဝိဇ္ဇာအုပ်ချုပ်တယ်

အဝိဇ္ဇာပစ္စယာ သင်္ခါရာလို့ ဆိုထားတာကို၊ (တင်ပါဘုရား)၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာလို့ဆိုထားတော့ ဩော်. . . သင်္ခါရက အဝိဇ္ဇာအုပ်ချုပ်နေတယ်။

သင်္ခါရကို အဝိဇ္ဇာ အုပ်ချုပ်ပြီးသကာလနေတော့၊ အင်းတော်ကြာသင်္ခါရပစ္စယာ ဝိညာဏံ လာမှာပဲ၊ ဝိညာဏံမသိပဲနေမှာစိုးလို့ ဖွင့်ဟပြီး ပြောလိုက်ပါတယ်၊ ဝိညာဏံဆိုတာပဋိသန္ဓေစိတ်ကိုဆိုတယ် (တင်ပါဘုရား)။

သင်္ခါရတွေသာ လုပ်နေကြမယ်ဆို ဝိညာဏံဆိုတဲ့ပဋိသန္ဓေဟာ၊ ပဋိသန္ဓေဟာ ဘာတုံးဆိုတော့ ဇာတိ၊ ဇာတိကဒုက္ခသစ္စာ၊ ဇာတိက ဒုက္ခသစ္စာလို့ သိထားတော့၊ ဩော်. . . သင်္ခါရပစ္စယာဝိညာဏံဆိုတာ၊ သင်္ခါရလောကထဲက ဒို့မထွက်လို့ရှိရင်ဖြင့်၊ ဝိညာဏံဆိုတဲ့ ဇာတိဒုက္ခဒို့ကိုယ်ပိုင်ရမှာပဲဆိုတာ ရှင်းထားလိုက်တော့၊ ဩော်. . . ဒါဖြင့် ဒါကြောင့်သင်္ခါရလောကမှ ထွက်ခိုင်းတာကို၊ ဒီပဋိသန္ဓေဝိညာဏ်ရမှာစိုးလို့၊ သင်္ခါရပစ္စယာ ဝိညာဏံဖြစ်မှာစိုးလို့၊ ဝိညာဏ်ဖြစ်ခဲ့လို့ ရှိရင်ပဋိသန္ဓေဆိုသောကြောင့် ဇာတိပိဒုက္ခသစ္စာပြန်ရတာ။

## ဘယ်သင်္ခါရကထွက်ရမှာတုံး

ဇာတိပိဒုက္ခသစ္စာပြန်ရတာ ဘယ်သူတည်ထောင်လိုက်ပါလိမ့်မလဲဆိုတော့၊ အို-သင်္ခါရလောကမှ မထွက်လို့ သင်္ခါရပြုပြင်သလိုခံနေတဲ့၊ သင်္ခါရကို မတော်လှန်နိုင်တဲ့၊ သင်္ခါရကမထွက်ချင်တဲ့ ပုဂ္ဂိုလ်များ၏ ဇာတိဒုက္ခ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘယ်သင်္ခါရက ထွက်ကြရမှာတုံးလို့မေးတဲ့အခါ

ကျတော့ကိုတဲ့ သင်္ခါရလောက ကထွက်ပါ၊ ဩကာသလောက ကထွက်ပြီးသားဖြစ်သွားပါလိမ့်မယ်၊ သတ္တလောက ကလည်း ထွက်ပြီးသားဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် သင်္ခါရလောကကို ဝိပဿနာရှုပါလို့ ဆိုသောကြောင့် ဖြစ်မှု ပျက်မှုဟာ သင်္ခါရ လောက။

## စေတနာတွေ

အဲဒီဖြစ်မှု ပျက်မှုကို ပေါ်လာတဲ့ ပဋိစ္စသမုပ္ပါဒ်မှာ သင်္ခါရပစ္စယာ ဝိညာဏံဆိုတာလည်း စေတနာကို ဆိုတာပဲ၊ ကုသိုလ်၊ အကုသိုလ်စေတနာ၊ အရူပစေတနာတွေကို ဆိုတာပဲ။

ဒီစေတနာတွေကလည်း သင်္ခါရပစ္စယာ ဝိညာဏံ ဆိုပြီး သကာလ၊ ဇာတိ ဒုက္ခကို ကျေးဇူးပြုလိုက်ပါတယ်လို့ မှတ်ထားတော့မှ၊ ဪ. . . ဒို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် လောကထဲက ထွက်ဖို့ရာဟာ၊ လောကမှ မသိသေးတဲ့ပုဂ္ဂိုလ် လောကထဲကထွက်ဖို့ရာ ဘယ်လောက ကထွက်ရမှန်းလည်း မသိ၊ လောကဘယ်လောက်ရှိမှန်းလည်းမသိ။

ဘယ်လောက ကထွက်ရမှန်းလည်းမသိတော့ ထွက်ဆိုတာ အသာထားပါဦး၊ လောကကြီးအတိုင်း လျှောက်ပြေးနေတယ်လို့ ဆိုလို့ရှိရင် မလွဲပါဘူး (မလွဲပါဘူးဘုရား)၊ လောကအတိုင်းလျှောက်ပြေးနေတာကို။

အိုလိုက်၊ နာလိုက်၊ သေလိုက်၊ ထပြေးလိုက်၊ ပဋိသန္ဓေနေလိုက်၊ အိုလိုက်၊ နာလိုက်၊ သေလိုက်၊ သေရာက ထပြီး တစ်ခါ သင်္ခါရ လောကပြုပြင်လို့ ပြေးပြန်တော့ ဇာတိ ဇရာ မရဏပဲ လှည့်ပြေးတာပဲ။

ဒါကြောင့် သင်္ခါရလောက ကထွက်မှ အသင်္ခတ၊ သင်္ခါရနဲ့ အသင်္ခတနဲ့ဟာ ဆန့်ကျင်ဘက်လို့ မှတ်ထားစမ်းပါ (တင်ပါဘုရား)။

## သင်္ခါရလောကကိုသိမှ နိဗ္ဗာန်ရောက်မယ်

ဆန့်ကျင်ဘက်ဆိုတာ တခြားမဟုတ်ပါဘူး၊ သင်္ခါရလောကကို သိတဲ့ ပုဂ္ဂိုလ်မှ အသင်္ခတရောက်တယ်၊ သင်္ခါရလောကမှ မသိသေးတဲ့ ပုဂ္ဂိုလ်ဟာဖြင့် အသင်္ခတ နိဗ္ဗာန်ရောက်ဖို့ အစ်မဘယ်အခါမှ မစဉ်းစားနဲ့၊ ဘာပြောနေနေ မယုံနဲ့လို့မှတ် (တင်ပါဘုရား)။

သင်္ခါရလောကဆုံးမှ အသင်္ခတ နိဗ္ဗာန်ရောက်မှာကို (တင်ပါဘုရား)၊ သင်္ခါရလောကမှ မသိသေးတဲ့ ပုဂ္ဂိုလ်က၊ ကဲမင်းတို့ အကြင်လင်မယားပဲ စဉ်းစားကြည့်တာပေါ့၊ ကဲ နိဗ္ဗာန်ဆိုတာ သင်္ခတလား အသင်္ခတလား၊ ကိုယ်က ဘယ်ထဲရောက်နေတုံး၊ ကိုယ်က သင်္ခါရလောကထဲ ရောက်နေတယ် (တင်ပါ)။

ကိုယ်က သင်္ခါရလောကထဲရောက်နေတော့ ဒီသင်္ခါရ

လောကမှန်းမသိလို့ ပျော်နေခဲ့သည်ရှိသော်၊ အသခ်တဘက် ခေါင်းလှည့်ပါ့မလား (မလှည့်ပါဘူးဘုရား)။

ဒါဖြင့် သူ သင်္ခါရလောကဟာ ဒုက္ခသစ္စာ ဒါကိုလည်း သူမသိတော့၊ အသခ်တဟာ နိရောဓသစ္စာ၊ ဒါကိုလည်း သူမသိတော့ နှစ်ခုစလုံး မသိဘဲနဲ့နေတော့၊ ဒီသင်္ခါရလောက ကိုလည်း ဒုက္ခသစ္စာလို့ မသိတော့ ဒုက္ခသစ္စာနဲ့ နေရတာကိုပင် သူ့မယ်ကျက်သရေတုံးကြီး၊ မင်္ဂလာတုံးကြီး၊ ထင်ပြီးသကာလ နေတယ်ဆိုတာ မှတ်ရမယ်နော် (တင်ပါဘုရား)။

ဒါဖြင့် ဘယ်ကထွက်ကြရမှာတုံး (သင်္ခါရလောက က ထွက်ရမှာပါဘုရား)၊ သင်္ခါရလောက ကထွက်ရမယ်၊ ဩော် . . . နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်များ ဘယ်ကထွက်မှ ရောက်မှာပါ လိမ့်မတုံး သေသေချာချာ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားကြည့်လိုက် တဲ့အခါကျတော့ သင်္ခါရလောက ကထွက်ရမယ် (တင်ပါ ဘုရား)။

## ဘယ်လိုလုပ်ပြီး ဆုတောင်းပြည့်မှာတုံး

ဒါဖြင့် နိဗ္ဗာန်ဆုတောင်းယူတဲ့ ပုဂ္ဂိုလ်များ၊ သင်္ခါရ လောကတောင်သူမသိဘူး၊ ဘယ်လိုလုပ် သူ့ဆုတောင်းက ပြည့်မတုံးလို့ မေးလို့ရှိရင်ဖြင့် အဖြေပေးစရာမရှိဘူး (တင်ပါ ဘုရား)။

သူ့သင်္ခါရလောကမှ သူမသိလို့ရှိရင်၊ သင်္ခါရလောက

ကထွက်ချင်တဲ့ဉာဏ်ကမှ အသင်္ခတဘက်ကို လှည့်တာကို (တင်ပါ)၊ အဲတော့ သင်္ခါရလောကမှ မသိတဲ့ပုဂ္ဂိုလ်က၊ အစ်မတို့က ဩော် . . . ကျုပ်ဖြင့် နိဗ္ဗာန်လိုချင်လှချည်ရဲ့လို့ ပြောပြောသော်လည်း ပြောသံကြားနဲ့ ပြောတာပါ၊ သင်္ခါရလောက သိလို့ သင်္ခါရလောကထဲက ထွက်ချင်တဲ့ သဘောနဲ့ ပြောတဲ့စကားမျိုးတော့ မောင်ချစ်ဆွေ ဟုတ်ကို မဟုတ်ဘူး (မှန်ပါဘုရား)။

ဒါဖြင့် ဒီလိုမသိတဲ့ ပုဂ္ဂိုလ်များ ဘယ်လောက်များများပါလိမ့်မတုံးဆိုတော့၊ နိဗ္ဗာန်ကို သင်္ခါရလောက ကထွက်မှ ရမှာပဲဆိုတဲ့ ဥစ္စာကို၊ အတော်လေးကို အလုပ်သမားမှပဲ၊ အလုပ်သမားကောင်းက ပြောဆို ဆုံးမထားလို့ ဒါရှိနေတာ သင်္ခါရလောကပါလား၊ ဒါဖြင့် ဒီကထွက်ချင်အောင်လို့ အရှုခိုင်းနေတာကိုဆိုတာ အဲဒီကျမှ နည်းနည်းရိပ်မိတယ် (တင်ပါဘုရား)။

သို့မဟုတ်လို့ရှိရင်ဖြင့် မောင်ချစ်ဆွေ မရိပ်မိ ပါဘူး (မရိပ်မိပါဘူးဘုရား)၊ သင်္ခါရက ထွက်ချင်တဲ့ဉာဏ်၊ ဘုရားက **"သင်္ခတာဓမ္မာ၊ အသင်္ခတာဓမ္မာ"** လို့ ပြောထားတာပဲ၊ ဒါသင်္ခါရတွေကို မြန်မာပြန်ယူထားတာတွေချည်းပဲ (တင်ပါဘုရား)။

သင်္ခတာ ဓမ္မာဆိုတာ ကံ၊ စိတ်၊ ဥတု၊ အဟာရကပြုပြင်တဲ့ တရားကိုဆိုတာ (တင်ပါဘုရား)၊ အသင်္ခတာ ဓမ္မာဆိုတာ ကံ၊ စိတ်၊ ဥတု၊ အဟာရ နဲ့ မဆက်ဆံတဲ့တရားကိုဆိုတာ (တင်ပါဘုရား)၊ ဒါ ဓမ္မသင်္ဂဏီ ပါဠိတော်လို့ **မှတ်**ထား**လိုက်စမ်းပါ** (တင်ပါဘုရား)။

## သစ္စာကထွက်မှ အသစ္စာရောက်မယ်

ဒါဖြင့် သစ္စာက ထွက်မှ အသစ္စာရောက်မယ် ဆိုတာ မှတ်ထားလိုက်တာပေါ့ (တင်ပါ)၊ သစ္စာက မထွက်ရင် (အသစ္စာမရောက်နိုင်ပါဘူးဘုရား)၊ သစ္စာမှ မသိတဲ့ ပုဂ္ဂိုလ် ဘယ်လိုလုပ်ပြီး အသစ္စာနိဗ္ဗာန်ရောက်မှာတုံး၊ (မရောက်နိုင်ပါ ဘူးဘုရား)။

ဒါဖြင့် တရားနက်နက်နဲနဲ၊ စေ့စေ့ပေါက်ပေါက် လိုရင်း ကျကျ အမှန်အကန်ကို သုံးသပ်ကြည့်တဲ့အခါကျတော့မှ နိဗ္ဗာန်ရောက်ချင်တဲ့ ပုဂ္ဂိုလ်များ ရောက်လမ်းမတွေ့သေးပါဘူး ဆိုတာကို ယနေ့ဆုံးဖြတ်ချက်ချရမယ် (တင်ပါဘုရား)။

နိဗ္ဗာန်တော့ ရောက်တော့ ရောက်ချင်တယ် ပြောတာ ပဲ၊ ဘယ်ကထွက်သွားမှ ရောက်မယ်ဆိုတဲ့ သူဟာ ထွက်ရာ လမ်းကို မမြင်သေးပါဘူး၊ ဘယ်ကထွက်ရမယ်ဆိုတဲ့ ဉစ္စာ၊ သူမသိသေးဘူး (မသိပါဘူးဘုရား)။

ထိုကဲ့သို့ မသိသေးလို့ရှိရင်ဖြင့် သူဟာ ဒီသခ်ီရထဲပဲ ပြန်လှည့်ပါတယ်၊ အသစ္စာဘက်ကို မရောက်ပါဘူး၊ ဉာဏ်မလှည့်ပါဘူး အသစ္စာတော်ပါတယ်၊ ကောင်းပါတယ်၊ သဘောကျပါတယ်ဆိုတဲ့ အသွားမျိုးဘယ်အခါကာလမှ မလာပါဘူး။

## ဝိပဿနာအလုပ်ဆိုတာ

ဒါကြောင့် ဝိပဿနာအလုပ်ဆိုတာ ဘာတုံးလို့ ယနေ့ မေးတော့ သင်္ခါရလောက အကြည့်ခိုင်းတဲ့အလုပ်၊ ဝိပဿနာ အလုပ်ဆိုတာ ဘာပါလိမ့် (သင်္ခါရလောက ကြည့်ခိုင်းတဲ့ အလုပ်ပါဘုရား)။

သင်္ခါရလောက ကြည့်ခိုင်းတဲ့ အလုပ်ဖြစ်တော့ သင်္ခါရလောက၏ အဖြစ်သနစ်ကို ကိုယ်ပိုင်သိရတယ် (တင်ပါ ဘုရား)၊ အဖြစ်သနစ်ကို ကိုယ်ပိုင်သိရတာ သင်္ခါရ လောကဆို တာ ဖြစ်ပျက်ပါလား။ ဖြစ်လိုက်၊ ပျက်လိုက်ဆိုတာ သင်္ခါရ လောက ဆိုတာပါလား၊ ဒီဖြစ်ပျက်ဟာလည်း ဆရာသမားက တတွတ်တွတ်ပြောထားပြန်တော့ ဒုက္ခသစ္စာပါလား။

## ဝိပဿနာဆိုတာ သစ္စာအကြည့်ခိုင်းတာ

ဒီလိုသိတဲ့ ပုဂ္ဂိုလ်မှာ ဩော်. . . ဒီဒုက္ခက ကျွတ်မှ၊ လွတ်မှ အသစ္စာဘက်ရောက်မှာပါလားဆိုပြီးသကာလ. . တဲ့၊ သင်္ခါရလောကကို ဝိပဿနာဉာဏ်နဲ့ အကြည့်ခိုင်းရသည်၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဝိပဿနာအလုပ်ဆိုတာ ဘယ်လောက အကြည့်ခိုင်း တာပါလိမ့် (သင်္ခါရလောက အကြည့်ခိုင်းတာပါဘုရား)၊ သင်္ခါရလောကကို ကြည့်မှသာလျှင် အသစ္စာဟာ အဖိုးတန် မှန်းသိတယ်။

သင်္ခတဖြစ်တဲ့ မဂ်တရားတွေတောင်မှ ဒါတွေမြင်မှ ဩော်. . . မဂ်တရားလည်း ဖြစ်ပျက်ရှိသေးတယ်၊ ဖိုလ်တရားလည်း ဖြစ်ပျက်ရှိသေးတယ်။

ဩော်. . . နိဗ္ဗာန်မဂ်က ဒီလိုမဟုတ်ပါလား၊ သင်္ခတကထွက်တော့ ဖြစ်မှု ပျက်မှု ချုပ်ငြိမ်းပြီးသကာလ အေးချမ်းတဲ့ သဘောပါလားလို့ သင်္ခတမြင်မှ အသင်္ခတကို ကြိုက်ကြပါ။

## အစုတ်မြင်မှ အကောင်းကြိုက်တယ်

အဝတ်စုတ်ကိုမြင်မှ အဝတ်ကောင်းကြိုက်ပါတယ်၊ အဝတ်စုတ်ကို မမြင်တဲ့ ပုဂ္ဂိုလ် အဝတ်ကောင်းကြိုက်ပါဆိုလို့ ရှိရင် ကိုယ့်အဝတ်စုတ် ကိုယ်လှတယ်ထင်နေ ဘယ်တော့ အဝတ်ကောင်းကြိုက်မှာတုံး (မကြိုက်ပါဘူးဘုရား)။

ဒီမှာလည်း သင်္ခတမှ မမြင်တဲ့ပုဂ္ဂိုလ် အသင်္ခတနိဗ္ဗာန် ကြိုက်ပါတယ်၊ ရချင်ပါတယ်၊ လိုချင်ပါတယ် ဆိုတော့ဖြင့် ဒါအကောင်းဆုံးထားတာပါပဲလို့ ပြောငြားသော်လည်း အစုတ်ဝတ်နေတာ အစုတ်မှန်းမသိသေးတဲ့ ပုဂ္ဂိုလ်က အကောင်းကြိုက်တယ်ဆိုတာ ပြောသံကြားဖြစ်ပါလိမ့်မယ် (တင်ပါဘုရား)။

တကယ်သာ ဝမ်းထဲက လှိုက်လှိုက်လှဲလှဲ ကြိုက်တဲ့ဥစ္စာ မဟုတ်ပါဘူး၊ ဒါဖြင့် နိဗ္ဗာန်ကို လှိုက်လှိုက်လှဲလှဲ အကြိုက်သမားကဖြင့် သင်္ခတမြင်မှ အသင်္ခတ ကြိုက်တယ် ရှင်းပလား (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်လှိုက်လှိုက်လှဲလှဲ ကြိုက်တဲ့ ပုဂ္ဂိုလ်ဘယ်လို ပုဂ္ဂိုလ် ပါလိမ့်၊ (သခ်ဲ့တမြင်မှ အသခ်ဲ့တ ကြိုက်ပါတယ်ဘုရား၊) သင်္ခတ ရှုတတ်တဲ့ ပုဂ္ဂိုလ်မှ (တင်ပါ့ဘုရား)။

ခင်ဗျားတို့ မြို့ထဲ၊ ရွာထဲမှာ ရှေးကစ ခုတိုင်တိုင် သင်္ခတ မှ သူမတွေ့တဲ့ ပုဂ္ဂိုလ်ဟာ အသင်္ခတ ကြိုက်ပါတယ်ဆိုတာဟာ ပြောသံကြားကြိုက်၊ ဗုဒ္ဓဘာသာမို့ ဗုဒ္ဓဘာသာတူတဲ့ အသံထွက် တာလောက်ပဲရှိတယ်၊ တကယ်လှိုက်လှိုက်လှဲလှဲ ဝမ်းထဲက မြင်ပြီးသကာလ အစုတ်မြင်လို့ အကောင်းကြိုက်တဲ့ အသွားမျိုး တော့ ဟုတ်ပါဘူး (မဟုတ်ပါဘူးဘုရား)။

ဒါဖြင့် ရောက်နိုင်ပါ့မလား၊ ရနိုင်ပါ့မလား အသင်္ခတ ဘက် သူ့ဉာဏ်ရောက်ပါ့မလားလို့မေးတော့ မရောက်ဘူး၊ ဆုံးဖြတ်ချက်ချပါ (တင်ပါဘုရား)၊ မရောက်ဘူးလို့ ဆုံးဖြတ် ချက်ချ။

ဘာ့ကြောင့် ဆုံးဖြတ်ချက်ချမတုံးလို့ဆိုတော့၊ **အစုတ်** ဝတ်နေတာ သူဟာသူတင့်တယ်တယ် ထင်နေတဲ့ ပုဂ္ဂို**လ်က** အကောင်းမမြင်ဖူးပါဘူး၊ အစုတ်ကိုပဲ သူ့ဟာသူ၊ သူနဲ့ ဒါဝတ် ရမယ်။

## အဝတ်စုတ်နဲ့တင်းတိမ်နေတယ်

သူ့မှာ ဒီလိုအဝတ်ဟာ အင်မတန်ကောင်းမြတ်တယ် လို့ သူ့ဟာသူထင်နေလို့ရှိရင်၊ အကောင်းမမြင်ဘူးတော့ ကျုပ်ဖြင့်

ဟိုဟာလိုချင်ပါတယ်ဆိုတာ ပေါ်ပဲ့မလား (မပေါ်ပါ ဘုရား)၊ အကောင်းလိုချင်ပါတယ် ဆိုတာလေ (မပေါ်ပါဘူး ဘုရား)၊ ဘာကြောင့်တုံးဆိုတော့ အစုတ်နဲ့ တင်းတိမ်နေတယ် (တင်ပါဘုရား)။

အခုအားလုံး ဝတ်နေကြတာတွေကလည်း အစုတ်နဲ့ တင်းတိမ်နေကြတယ် (တင်ပါ)၊ အခုအားလုံး ဝတ်နေကြတာတွေကလည်း အစုတ်တွေ ဝတ်နေကြတယ်၊ ပျက်စီးတတ်တာတွေ (တင်ပါဘုရား) ပျက်စီးဖေါက်ပြန်တာတွေချည်းပဲ။ မခိုင်မှာ၊ မမြဲမှာ၊ အစိုးမရတာတွေ ဝတ်နေကြတာကိုး (တင်ပါဘုရား)။

ခန္ဓာကလည်း ထို့အတူ၊ ခန္ဓာပေါ်ဆင်ထားတာတွေကလည်း ထို့အတူ၊ ဒါတွေကို ခိုင်တယ် မြဲတယ်လို့ ထင်ပြီး ဝတ်နေတဲ့ ပုဂ္ဂိုလ်က တကယ်ခိုင်တာတော့ သူရောက်တော့မှာ မဟုတ်ပါဘူး။

ဒီလောက်ကျအောင် ဆရာကောင်း၊ သမားကောင်း လမ်းညွှန်ကောင်းနဲ့ မတွေ့လို့ရှိရင်၊ အင်မတန်ဝေးလိမ့်မယ်ဆိုတဲ့ ဥစ္စာမေးရတာ ဘာကြောင့်ပါလိမ့်မလဲဆိုတဲ့ ဥစ္စာဖြင့် သခ်ိတ မမြင်လို့ အသခ်ိတ သူတို့ မရောက်တာပဲဆိုတာ ယနေ့ဆုံးဖြတ်ချက်ချ။

## သင်္ခတဝိပဿနာဉာဏ်နဲ့ရှုပါ

သင်္ခတမမြင်ဘဲနဲ့ အသင်္ခတကို (မရောက်နိုင်ပါဘူး) မရောက်နိုင်ဘူး၊ ဒါဖြင့် နိဗ္ဗာန်ရောက်ကြောင်းဟာ ဘာပါလိမ့် မတုံး၊ သင်္ခတ ဝိပဿနာဉာဏ်နဲ့ ရှုမှသာလျှင် အသင်္ခတ ဘက်ကို ပြေးမှာပဲ၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် သင်္ခါရလောကကထွက်မှ အသင်္ခတရောက်မယ်၊ အသင်္ခတကျတော့ လောကမပါဘူး၊ သင်္ခတလောက၊ ဒါလော ကပါတယ်၊ ပျက်စီးတယ်၊ နိဗ္ဗာန်ဘက်ကျတော့ အသင်္ခတာ ဓမ္မာဆိုတော့ ဓမ္မသာဆိုတော့တယ် လောကမပါဘူး (တင်ပါ ဘုရား)၊ လောကမပါသောကြောင့် ဩော်. . . မပျက်တဲ့ တရားမဟုတ်ဘူး၊ လောကပါရင် ပျက်ဦးမှာပဲ၊ လုဇ္ဇန ပလုဇ္ဇနဋ္ဌေန လောကေါတို၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် သင်္ခါရလောက ကထွက်မှ အသင်္ခတရောက် မယ် (တင်ပါဘုရား)၊ သင်္ခါရလောကက ထွက်မှ (အသင်္ခတ ဘက်ရောက်မှာပါဘုရား)။

ထွက်တယ်ဆိုတာ ပြောတော့သာ လွယ်ပါတယ်၊ သင်္ခါရလောကက ပိုင်ပိုင်နိုင်နိုင်သိဖို့ရာ မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်ဘုရား)၊ သင်္ခါရလောက ပိုင်ပိုင် နိုင်နိုင်သိဖို့ရာ အတော်ခဲယဉ်းတယ် (ခဲယဉ်းပါတယ်ဘုရား)၊ ဘယ်ဆီမှန်း တောင်မသိဘူး၊ သင်္ခါရလောကဆိုတာ ဘာတုံး မင်းပြောစမ်းလို့ မေးတဲ့အခါကျတော့ ကျွန်တော်မသိပါဘူး ပြောမှာပဲ (မှန်ပါတယ် ဘုရား)။

ကျွန်တော်မသိပါဘူး ပြောမှာပဲ၊ မသိသေးလို့ရှိရင် အသစ်တ နိဗ္ဗာန်လိုချင်လို့ရှိရင် ဘယ့်နှယ်ရမှာတုံး၊ ဘာမှ မဟုတ်သေးဘူး၊ ဆုံးဖြတ်ချက်ချပေးရမယ်၊ မချထိုက်ဘူးလား (ချထိုက်ပါတယ်ဘုရား)၊ ရှင်းပြီ (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်လိုချင်လို့ရှိရင် ဘာအရင်ကြည့်ရမတုံး သစ်တမြင်အောင်ကြည့်ရလိမ့်မယ်၊ (သစ်တမြင်အောင် ကြည့်ရမှာပါဘုရား)၊ သစ်တမြင်အောင်ကြည့် သစ်တ အပြစ် မြင်လိမ့်မယ်။

## သစ်တရဲ့အပြစ်မြင်မှ ရှုံ့မုန်းမယ်

သစ်တ အပြစ်မြင်မှ သစ်တကို ရွံ့မုန်းလိမ့်မယ်၊ သစ်တ ရွံ့မုန်းမှ သစ်တက ထွက်ချင်တယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား) ဒါမှရမယ်၊ သို့မဟုတ်ရင် ရကို မရဘူးဆိုတာတော့ ယနေ့ည တရားမှာဖြင့် နိဗ္ဗာန်နဲ့ဝေးပုံကို ကောင်းကောင်းကြီးပေါ်လာ တော့တာပဲ၊ (ပေါ်လာပါတယ်ဘုရား)၊ မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား)။

သစ်တမတွေ့တဲ့ ပုဂ္ဂိုလ်ဟာဖြင့် အသစ်တကို လှမ်းလို့ မျှော်မှန်းနိုင်ပ့ါမလား မေးရင်ဘယ့်နှယ် ဖြေကြမတုံး (မမျှော် မှန်းနိုင်ပါဘူးဘုရား)။

မမျှော်မှန်းနိုင်တဲ့ ပုဂ္ဂိုလ်ဖြင့် ဆွမ်းလေးလှူ ကျောင်း လေးဆောက်၊ ဘုရားလေးတည်ပြီး နေပြားသော်လည်း သစ်တ

မမြင်သေးပါဘူး (တင်ပါဘုရား)။

မမြင်သေးတော့ သစ္စာနယ်က ထွက်ဖို့ရာ သူ့ဉာဏ်ထဲ ဉာဏ်ထူးတစ်ခုပေါ်နိုင်ပါ့မလား (မပေါ်နိုင်ပါဘူးဘုရား)၊ မပေါ်နိုင်မရောက်ပါဘူး၊ သစ္စာနယ်က ထွက်တဲ့ ဉာဏ်ထူး မလာတော့ဘူး၊ မလာရင်မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မပေါ်နိုင်တော့ဘူး (တင်ပါ)။

သစ္စာဖြစ်တဲ့ တရားကို မြင်မှသာလျှင် အသစ္စာတရားကို ကြိုက်တာ (တင်ပါဘုရား)။

ခဏ ခဏ ပြုပြင်နေရတဲ့ ဝတ္ထုပစ္စည်းကြီး မြင်တော့မှ ခိုင်တဲ့ ပစ္စည်းပိုကြိုက်တာ (တင်ပါဘုရား)၊ သဘောကျပလား (သဘောကျပါပြီဘုရား)။

ကြိုက်မှလည်း သစ္စာကထွက်ဖြစ်မှာ၊ သို့မဟုတ်ရင် ထွက်ဖြစ်ပါ့မလား၊ မထွက်ဖြစ်ပါဘူးဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

## သစ္စာဆိုတာဘာတုံး

အေး. . . ဒါကြောင့် မင်းတို့ပြောရတာ ဩော်. . . သစ္စာ အရေးကြီးတယ်ကွ၊ သစ္စာမြင်ဖို့ အရေးကြီးတယ်ကွ၊ သစ္စာဆိုတာ ဘာတုံး ရုပ်နာမ်တို့၏ ခဏခဏပေါ်လိုက် ပျောက်လိုက် ဒါကို သစ္စာဆိုတာ။

အဲဒီ သစ္စာတွေ၊ ကိုယ့်ခန္ဓာ ကြီးဟာ ဩော်. . .

သင်္ခတခန္ဓာ၊ သင်္ခတနယ်ထဲရှိသေးတာကို၊ ဒါကြောင့် ကိုယ်ပိုင် ကိုယ်ဆိုင်ဆိုတဲ့ အဖြေဟာ ကြည့်နေရင်း မတ္တနဲ့ ကိုယ်ပိုင် ကိုယ်ဆိုင်မရှိပါလားဆိုတဲ့ ဥစ္စာပေါ်လာတယ်။

ကိုယ်ပိုင် ကိုယ်ဆိုင် ပြောကြစမ်း၊ ကိုယ့်အလို၊ ကိုယ့်အကြိုက်နဲ့ ကိုယ့်စရိုက်နဲ့ ကိုက်တာ ခန္ဓာကိုယ်ထဲပါရဲ့လားလို့ မေးတဲ့အခါကျတော့ ဘယ့်နှယ်ဖြေကြမတုံး (မပါပါဘူး ဘုရား)။

## ကိုယ်ပိုင်ပစ္စည်းတစ်ခုမှမရှိ

ပုဂ္ဂိုလ်၏အကြိုက်၊ ပုဂ္ဂိုလ်၏စရိုက်အလိုက် တရားမှ မဟုတ်ပဲ၊ အဲဒီကျတော့မှ ကိုယ်ပိုင်ပစ္စည်းမဟုတ်တာချည်းနဲ့ မျက်စိလည်ပြီးသကာလ၊ ကိုယ်ပိုင်လုပ်ပြီးသကာလ နေရတော့ ကိုယ့်အမှားကြီးက ပေါ်လောကြီး ပေါ်လာတော့မှ၊ ဝိပဿနာ ဉာဏ်နဲ့ ကြည့်တော့မှ ကိုယ်ပိုင်ပစ္စည်းရယ်လို့ ထင်ပြီးသကာလ၊ အမျိုးမျိုးဘဝတွေက အလုပ်လုပ်ခဲ့တာ အခုတော့ဖြင့် ကိုယ်ပိုင် ပစ္စည်းတစ်ခုမှ မရှိဘူး။

မရဏဆိုတဲ့ တရားတွေ၏ စားဖတ် ဝါးဖတ်အဖြစ်သာ ဖြစ်ပျက်သွားတာမြင်လိုက်တော့မှ၊ ဩော်. . . ဒါဖြင့် သင်္ခတ သည်ကားလို့ဆိုရင် မရဏ စားဖတ်ဝါးဖတ်ပဲ၊ ဒါဖြင့် မသေရာ ရှာမှပဲဆိုတော့မှ အသင်္ခတဘက်လှည့်သွားတယ်၊ သင်္ခတက မရဏ၏ စားဖတ် ဝါးဖတ်ကွ (တင်ပါဘုရား)။

သင်္ခတပြုမြင်၍ ဖြစ်ပေါ်လာလည်း မရဏပဲလမ်းဆုံး

တာပဲ၊ စိတ်ကလေးပြုပြင်ထားတယ်၊ ပြုပြင်တဲ့ စိတ်ကလေးကိုပဲ သန္တတရား၊ ဒါလေးကလည်း မရဏ လမ်းဆုံးတာပဲ (တင်ပါဘုရား)။

ဒါဖြင့် သန္တတချည်း ခင်ဗျားတို့နေကြတော့မယ်၊ သန္တတကိုသာ ကိုယ်ပိုင်လုပ်နေကြတော့မယ် ဆိုလို့ရှိရင်၊ ကိုယ်လည်း မပိုင်ဘူး မရဏ ထိုးအပ်ဖို့ပဲ၊ သဘောကျပလား (သဘောကျပါပြီဘုရား)။

လောကီဥပမာ ပြောကြပါစို့ဆိုတော့၊ ခင်ဗျားတို့ အခုရောင်းဝယ်ဖေါက်ကားပြီး နေကြတာ လုပ်သာနေရတယ် ငွေတစ်ရာ တစ်ကျပ်တောင်မှကိုယ်က မသုံးရဘူး၊ တစ်ဆယ် တစ်ကျပ်တောင်မှ ကိုယ်ကမသုံးရဘူး၊ ကိုယ်ပိုင်မဟုတ်ဘူး ရသရွေ့ပေးရမယ်၊ ဆိုလို့ရှိရင်ဖြင့် မလုပ်တော့ဘူးဆိုတာ လာမှာပဲ၊ ဒီလိုနတ်မှန်းသိရင် မလုပ်တော့ဘူးဆိုတာ လာမှာပဲ (လာမှာပါဘုရား) ဒီနယ်က ထွက်ချင်မှာပဲ (တင်ပါဘုရား)။

ဒီက ပြေးချင်မှာပဲဆိုတာ လာမည့်တရားလို့ မှတ်ရမယ် ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် သန္တတမြင်မှ နိဗ္ဗာန် အသန္တတရောက်မယ်ကွာ (တင်ပါ)၊ သန္တတ မမြင်သေးတဲ့ ပုဂ္ဂိုလ်မှာဖြင့် (အသန္တတဘက် မရောက်နိုင်ပါဘူးဘုရား)။

## သစ္စာတမြင်ကြရဲ့လား

ဒါဖြင့် ခုနဒါနလုပ်နေတဲ့ ပုဂ္ဂိုလ်လည်း သစ္စာတမြင်ဘူး၊ သူ့အလုပ်က လှူဖို့ပေးဖို့ ကမ်းဖို့ကို၊ သစ္စာ မြင်တာ ဟုတ်ကြရဲ့လား (မဟုတ်ပါဘူး) သီလဆောက်တည်တာလည်း သစ္စာမြင်တာများ ဟုတ်လား (မမြင်ပါဘူး)၊ သမထလုပ်နေတာ သစ္စာမြင်ရဲ့လား (မမြင်ပါဘူး)၊ ဒါဖြင့် ဝိပဿနာနဲ့ မဂ်မှပဲ သစ္စာနယ်က ထွက်ချင်တဲ့ တရားထူးဖြစ်မှာပဲ (တင်ပါဘုရား)။

ကျန်တာတွေ ဒီထဲဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘူး) သစ္စာမှ သူမမြင်ပဲဘဲ (တင်ပါ)၊ သစ္စာမမြင်တဲ့ တရားဖြစ်တော့ သစ္စာနယ်က ထွက်ချင်တဲ့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တွေ လာနိုင်ပါ့မလား (မလာနိုင်ပါဘူး)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါကြောင့် မင်းတို့သည် ကားလို့ဆိုလို့ရှိရင်ဖြင့်၊ သစ္စာနယ်က မလွတ်သေးတော့၊ အကုသိုလ် သစ္စာက ပြုပြင်လိုက်တဲ့အခါကျတော့၊ သွားကွ အပါယ်၊ ကုသိုလ်သစ္စာက ပြုပြင်လိုက်လို့ရှိရင်လည်း သွားကွသုဂတိ။

အဲဒီ သုဂတိနေတုန်းပဲ ငါအကုသိုလ် သစ္စာက အလှည့်ကျလာပြီဆိုပြီး ဖြတ်ချလိုက်ပြန်တော့ သွားကွ အပါယ်၊ သစ္စာသမားမှာဖြင့် တည်ရာဌာန အမြဲရှိရဲ့လား (မရှိပါဘူးဘုရား)။

## မခိုင်တာကို ဆုတောင်းယူထားတယ်

ဘာဖြစ်လို့မရှိသတုံးလို့ မေးတဲ့အခါကျတော့၊ မင်းတို့က သစ်တဆုတောင်းယူထားကြတယ်၊ အမြဲမရှိတာကို ဆုတောင်းယူထားတယ်၊ မခိုင်တာကို ကျုပ်ဟာ ဖြစ်ရပါလို၏ ဆိုတာ ဒါပဲ (တင်ပါ)။

မခိုင်တာ ကျုပ်ဟာဖြစ်ရပါလို၏၊ မမြဲတာ ကျုပ်ဟာ ဖြစ်ရပါလို၏၊ ဆင်းရဲတာ ကျုပ်ဟာ ဖြစ်ရပါလို၏ (တင်ပါဘုရား)၊ ဒါဘုံဘဝတွေ ဆုတောင်းတဲ့ ပုဂ္ဂိုလ်မှာ ဒီဆုသုံးခုပဲ ရတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

မခိုင်တာ သူ့ဟာဖြစ်ရပါလို၏ ဟုတ်လား၊ ဆင်းရဲတာ (သူ့ဟာဖြစ်ရပါလို၏)၊ အစိုးမရတာ သူ့ဟာဖြစ်ရပါလို၏၊ အမလေး ပါးစပ်ထဲထည့်ဖို့တောင် မကောင်းပါဘူး (မကောင်းပါဘူးဘုရား)။

မကောင်းပေမယ့်လည်း မသိဆိုးဝါးနေတဲ့ ပုဂ္ဂိုလ်တွေက ဒီအတိုင်းပဲ၊ မခိုင်တာ ကိုယ့်ဟာဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏ ဆိုတော့ နတ်ဆိုတာမခိုင်တာကို (တင်ပါဘုရား)၊ အဲဒါ ကိုယ့်ဟာဖြစ်ရပါလို၏ တော်ကြာကျ နတ်ငိုပွဲကြီး ဆင်တာပဲ (တင်ပါဘုရား)၊ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။

တော်ကြာကျ နတ်စိတ်ဒုက္ခရောက်တယ်၊ ဒုက္ခပွဲကြီးကော၊ သားသေ၊ မယားသေးနဲ့ (တင်ပါဘုရား)၊ မရှိဘူးလား ရှိပါတယ်။

အဲတော့ကို သဲ်တ ဆုတောင်းနေတဲ့ ပုဂ္ဂိုလ်ဟာ မခိုင်တာ ကိုယ့်ဟာဖြစ်ရပါလို၏၊ ဆင်းရဲတာ ကိုယ့်ဟာဖြစ်ရပါလို၏။ ဒီလောက်မှန်မှန်ပြောလို့ရှိရင်တော့ တော်တော်ရိပ်မိဖို့ကောင်းပြီ (ရိပ်မိပါပြီဘုရား)၊ တော်တော်ရိပ်မိဖို့ ကောင်းပါပြီ။

## သုဗြဟ္မာနတ်သား

ဒါကြောင့် သူနဲ့ပတ်သက်ပြီး သကာလ သုဗြဟ္မာတို့ ဝတ္ထုထုတ်လိုက်ရင် သိပ်ပေါ်မယ်နော် (မှန်လှပါဘုရား)။

သူဟာ တာဝတိံသာနတ်ပြည်မှာ သုဗြဟ္မာနတ်သား၊ နတ်သမီးငါးရာ၊ နတ်သမီးတစ်ထောင်နဲ့သူ-သဲ်တနယ်ထဲ သွားနေတယ်၊ နောက် သူ-ဥယျာဉ်ထွက်သွားတဲ့အခါမှာ သစ်ပင်ပေါ်မှာ နတ်သမီးတချို့ကပန်းတွေ ဆွတ်ခူးချတယ်၊ အောက်က နတ်သမီးငါးရာကလည်း အဲဒီပန်းတွေသီကုန်းပြီး သူ့ကိုဆင်ကြ၊ ပြင်ကြ၊ ပျော်ပါးကြ။

တော်တော်ကြာ၊ သဲ်တသမားဖြစ်သောကြောင့်၊ မခိုင်တာကိုယ့်ဟာဖြစ်အောင် ဆုတောင်းထားတော့၊ ဖျတ်ဆို ဥပစ္ဆေဒကကံက သဲ်တကပြုပြင်လိုက်တာ အဝီစိကို ပန်းခူးတဲ့ အပေါ်က ငါးရာကျသွားတယ်ဆိုတာ ထင်ရှားသားပဲ (တင်ပါဘုရား)၊မခိုင်တာ ကိုယ့်ဟာဖြစ်ရပါလို၏ တောင်းထားလို့ မခိုင်တာပဲရသွားတာ (မှန်ပါတယ်ဘုရား)။

နောက်ကျတဲ့အခါကျတော့၊ နတ်သားက အပေါ်မှာ သီချင်းတကြော်ကြော်နဲ့ ပန်းတွေခူးချ ဆွတ်ချနေတဲ့ ပုဂ္ဂိုလ်တွေ မမြင်ပါလားလို့ ကြည့်လိုက်တဲ့အခါ၊ အားလုံးသူ့နတ်မျက်လုံးနဲ့ ကြည့်လိုက်တော့၊ ဘယ်သွားကုန်ပါလိမ့် ကြည့်လိုက်တော့၊ နတ်မျက်စိမှိ အဝီစိငါးရာကျနေတယ်၊ သူ့နတ်သမီးငါးရာ အဝီစိရောက်သွားတယ်။

## မခိုင်လို့ပြုတ်ကျတာ

မခိုင်တာ ငါ့ဟာဖြစ်ရပါလို၏၊ ဒါမခိုင်လို့ ပြုတ်ကျတာ ပေါ့ကွာ (မှန်ပါတယ်ဘုရား)။

ဒါနဲ့ သူတို့အတွက်တော့ဖြင့် အတော်ဆိုးဝါးသွားပြီ ကိုယ့်အတွက် စဉ်းစားပါဦးမယ်ဆိုပြီး၊ ကိုယ်ကလည်း မခိုင်တာ ကိုယ့်ဟာဖြစ်ရပါလို၏ ဆုတောင်းထားတာပဲ၊ သူလည်း နောက်ခုနှစ်ရက်ရှိရင် အဲဒီလမ်းသွားရမယ်၊ (တင်ပါ့ဘုရား)၊ အဝီစိ သွားရမယ်။

ဘာဖြစ်လို့တုံးဆိုတော့ အခုကုသိုလ်သခ်တက ပြုပြင် လိုက်၊ တော်ကြာအကုသိုလ်သခ်တက ဖြတ်ချလိုက်တယ်၊ ရှင်းပ လား (ရှင်းပါပြီဘုရား)၊ ကုသိုလ်သခ်တက ပြုပြင်တာကို (အကုသိုလ် သခ်တက ဖြတ်ချလိုက်တာပါဘုရား)၊ အကုသိုလ် သခ်တက ဖြတ်ချလိုက်တယ်။

ဖြတ်ချလိုက်တော့ ယနေ့ပျော်သွားတယ် အခုငိုပွဲ

နောက်ငိုပွဲဆိုတာ ခဏလေးပါပဲ၊ ပျော်ပွဲနဲ့ ငိုပွဲဝေးသလား (မဝေးပါဘူးဘုရား)။

ခုတင်ပဲ သီချင်းတကြော်ကြော်နဲ့ ပျော်တယ်၊ ဖျတ်ဆို အဝီစိကျသွားတော့ ငိုပွဲသွားဖြစ်တယ်၊ သခ်တသမားတွေလေ (တင်ပါဘုရား) သခ်တသမားတွေ အဖြစ်တွေကဖြင့် ဒီအတိုင်း ပါပဲ။

## သောကနှစ်မျိုးဖြစ်လာတယ်

နတ်သားက စဉ်းစားလိုက်တဲ့အခါကျတော့မှ၊ ဩော် . . . ငါလည်း ဒီသွားရမှာပဲဆိုတော့မှ၊ သူ့မှာ သောကပရိဒေဝ လာဖြစ်တယ်၊ သူ့သောက-က နှစ်မျိုးလာဖြစ်တယ် (တင်ပါဘုရား)။

စိတ်ထဲမှာ တုန်လှုပ်ချောက်ချားလာတယ်၊ ဘယ်လို တုန်လှုပ်ချောက်ချားသွားတုံး၊ သွားပြီးသား ပုဂ္ဂိုလ်တွေ အတွက်လည်း စိတ်ကမအေးဘူး၊ ကိုယ်သွားရမှာကြောင့်လည်း စိတ်ကမအေးဘူး၊ နှစ်ချက်ဖြစ်နေတယ် (တင်ပါဘုရား)။

ဖြစ်ပြီးသား ကိစ္စတွေကြောင့်လည်း သခ်တသမားမှာ အပူအဆွေးဖြစ်နေတယ်၊ မဖြစ်သေးတဲ့ ကိစ္စအတွက်လည်း ပူဆွေးဒုက္ခရောက်နေတယ် (တင်ပါဘုရား)။

ဖြစ်ပြီးတာက သူ့ခင်ပွန်းမငါးရာ၊ မဖြစ်သေးတာက သူနှင့်တကွ ကျန်နေတဲ့ ငါးရာက မဖြစ်ရသေးဘူး၊ ခုနှစ်ရက်

လိုသေးတယ်၊ အဲဒီ့အတွက်လည်း သောက ပရိဒေဝ ဖြစ်နေတယ်လို့ မောင်ချစ်ဆွေက မှတ်ရမယ် (တင်ပါဘုရား)။

ဒါဖြင့် သူ့မှာ အတိတ်သောကက လွန်ပြီးသားကို အောက်မေ့လို့ ဖြစ်တဲ့သောက ကလည်း စူးတယ်၊ လာလတ္တံ့သောကကလည်း (စူးနေပါတယ်ဘုရား) သောကနှစ်ချက် စူးနေတယ် (တင်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီမှာလည်း မင်းတို့မှာ ဒီနှစ်ချက်ရှိတယ် (ရှိပါတယ်ဘုရား) ဒီနှစ်ချက်ဘာရှိတုံးဆိုတော့ အစ်မတို့က ဖြုန်းကနဲ ဖေါ်မပြောရင် မသိဘူး၊ ဩော် . . . ဒါအခုတော့ ဆရာ ကောင်းသမားကောင်း တွေ့ရပြီ ငါငယ်တုန်းက မိုက်တေပြီး လာခဲ့တာ ဖြင့် အပါယ်များရောက်ဦးမှာလား။

## လွန်ပြီးသားမိုက်ပြစ်အတွက် စိုးရိမ်တယ်

အင်း လွန်ပြီးသားက လွန်ပြီးသားက လာဖြစ်နေတာ ငါတော့ အတော်တော့ ကြိုးစားနေတာပဲ၊ ကြိုးစားပေမယ့် လည်း မိုက်ပြစ်က ပြင်းထန်နေတဲ့အတွက်၊ ဒီလိုများသွားနေရ ဦးမှာလား အနာဂတ်အတွက်လည်း စိုးရိမ်တယ် (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲ လွန်ပြီးသားအတွက်ကလည်း စိုးရိမ်တယ် အခု လုပ်နေတာကလည်း အင်း ဒီနေရာများ ပြန်ရောက်လည်း ခက်သားပဲဆိုတဲ့ အနာဂတ်အတွက်ကိုလည်း စိုးရိမ်လျှက်ပဲ၊

အတိတ်ကြောင့်လည်း သောကစိုးရိမ်နေတယ် နော် (တင်ပါဘုရား) အနာဂတ်ကြောင့်လည်း (သောက စိုးရိမ်နေတယ်ဘုရား)။

အဲဒီ့တင်နတ်သားက ဘုရားမှတစ်ပါး ကိုးစားရာမရှိတော့ပါဘူး၊ ဘုရားဆီကိုပြေးမှပဲ ပြေးမှပဲ အေးတော့မယ်ဆိုပြီး ဘုရားဆီ နတ်သမီးငါးရာနဲ့တကွ ပြေးကြတယ် (တင်ပါဘုရား)။

## အနာဂတ်ကြောင့်လည်း စိတ်မချမ်းသာပါဘူးတဲ့

ပြေးကြတော့ တပည့်တော်ဘုရား အရင်က ငါးရာအဝီစိကျလို့လည်း တပည့်တော်မှာဖြင့် စိတ်မချမ်းသာပါဘူး၊ တပည့်တော်တို့ သွားရမယ့် အနာဂတ်ကြောင့်လည်း စိတ်မချမ်းသာပါဘူး။

လွန်ပြီးသားအတွက်လည်း တပည့်တော် သောကပြောင့်ကြီးစူးနေတယ်၊ အနာဂတ်အတွက်လည်း တပည့်တော်သောက ပြောင့်ကြီးစူးနေတယ်၊ ဒီပြောင့်နှစ်စင်းကိုဖြင့် အရှင်ဘုရားမှ တစ်ပါး ရှင်းလင်းပေးမယ့်လူမရှိပါဘူး။

## သီလစောင့်ပြီး ဝိပဿနာလုပ်ပါ

ဒီတွင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက၊ ဟောသီလဆောက်တည်ပြီး ဝိပဿနာမဂ္ဂင်အလုပ်ကို လုပ်ကွ (တင်ပါ)

သီလဖြူစင်အောင်ထားပြီး ဝိပဿနာ မဂ္ဂင်အလုပ် လုပ်ဆိုတော့ ဝိပဿနာ အလုပ်လုပ်ခိုင်းလိုက်တယ် (တင်ပါ ဘုရား)။

ဝိပဿနာအလုပ် လုပ်ခိုင်းတော့ အစ်မသူက နတ်မျက်လုံးနဲ့ ကြည့်လိုက်တော့ အဝီစိဆိုတာ ကိုယ်တိုင် မြင်ရတယ် (တင်ပါဘုရား)။

ကိုယ်သွားရမှာက ခုနှစ်ရက်၊ ကိုယ့်အကြောင်း ကိုယ်ကောင်းကောင်းသိတယ်ဆိုတော့ အလုပ်လုပ်မလားတဲ့ ခုနှစ်ရက်အတွင်းမှာ အပြီး လုပ်မလား၊ လျှော့လျှော့ပေါ့ပေါ့ လုပ်မလားလို့ စဉ်းစားကြည့်စမ်းပါ (အပြီးလုပ်မှာပါဘုရား)။

အဲဒီတွင် အပြီးလုပ်လိုက်တော့ကို သွားဖို့ရာ သေချာပြီးသားတောင်ပြီးတယ်။ မဂ္ဂင်အလုပ် လုပ်ပါ မဂ္ဂင်လုပ်ရင် ပြီးသွားတာပဲ (တင်ပါဘုရား)။

## အပါယ်သေချာပြီးသားတွေသောတာပန်တည်တယ်

အဲဒါလုပ်လိုက်တာနဲ့ အားလုံးပဲ သောတာပန်တွေ တည်၊ အပါယ်လေးပါးတံခါးပိတ်သွားတယ် (တင်ပါဘုရား)။

အဲတော့ ဘုရားက **"နာညတြ ဗောဇ္ဈာတပသာ" သုဗြဟ္မာ** နတ်သား၊ **ဗောဇ္ဈာတပသာ**= ဗောဇ္ဈင်အကျင့်ကို (ဝါ) မဂ္ဂင်အကျင့်ကို၊ **အညတြ** = ကြဉ်ထား၍၊ **သောတ္ထိံ** = မိမိသောကကို ချမ်းသာခြင်းမှ၊ **နပဿာမိ** = မမြင်ဘူး မဂ္ဂင်အလုပ်လုပ်ရင် ဒီသောက ပျောက်သွားမှာပဲ (တင်ပါဘုရား)။

နာညတြိန္ဒြိယသံဝရာ = မင်းတို့သည်ကားဆိုရင် သီလကို ဣန္ဒြိယသံဝရသီလကို လုံခြုံအောင် စောင့်နေလို့ ရှိရင်လည်း နိဗ္ဗာန်ဝင်မယ်၊ ရှင်းပြီလား (ရှင်းပါပြီဘုရား)။

ကဲ . . ဒီတွင် တော်ကြဦးစို့။

သာဓု . . . . သာဓု . . . . သာဓု။